# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 1 August 2024 ၁၁၅၃၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/ ၂၀၂၄) ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယာယီသမ္မတဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံယူနေသဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ယာယီသမ္မတတာဝန် ဝတ္တရားများကို လွှဲပြောင်းအပ်နှံခဲ့သောကြောင့် အစည်းအဝေးသို့ ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


**အာဆီယံဆေးလိပ်ငွေ့ ကင်းစင်ဒေသဆု (ASEAN Smoke Free Award) မြန်မာနိုင်ငံက လက်ခံရရှိ** — စာမျက်နှာ » ၈

**စိတ်အတွက် လိုအပ်သောအစာ .. စာ (သို့) လောကအလင်း ပြတင်းတံခါးများ** — ဆောင်းပါး — စာမျက်နှာ » ၁၀

**ဆရာဝန်(သစ်လွင်) ၅၈၁ ဦးအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်** — စာမျက်နှာ » ၁၁

**လယ်ဝေးမြို့နယ်ရှိ ဆင်အုံရေလှောင်ကန်၏ သဘာဝကုန်းတန်းရေကျော်နေမှုကို တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရေထိန်းနိုင်ခဲ့ပြီ** — စာမျက်နှာ » ၁၂


**မှတ်သားဖွယ်ရာမိုးရေချိန်များ**

နေပြည်တော် ဇူလိုင် ၃၁

| | |
|---|---|
| ကျောက်ဖြူ | ၅ ဒသမ ၀၈ လက်မ |
| အမ်း | ၄ ဒသမ ၈၈ လက်မ |
| ကျုံပျော် | ၃ ဒသမ ၉၈ လက်မ |
| ပေါင် | ၃ ဒသမ ၆၂ လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၃၅ လက်မ |
| စစ်တွေ | ၃ ဒသမ ၃၁ လက်မ |

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေး ပညာရေးမှအဓိကအကျိုးပြု

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံများက ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်လိုအပ်သည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်ရန်အတွက် အနည်းဆုံး အလယ်တန်းအဆင့် တတ်မြောက်ရန်လိုအပ်သဖြင့် ကျောင်းသား ကျောင်းသူများအား KG+9 အထိ မဖြစ်မနေ သင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများတွင် ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ထူးချွန်စွာအောင်မြင်လာပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များတွင် ဆက်လက်ပညာဆည်းပူးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘက်စုံပညာပြည့်ဝသည့် ပညာတတ်များ အထူးလိုအပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်အတွက် ပညာပြည့်ဝသည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ယခုအချိန်ကတည်းက ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်လူရွယ် အများစုအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့်ကင်းကွာခဲ့ကြသည်။ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်စသည်ဖြင့် ပညာအဆင့်အလိုက် လျော့နည်းကျဆင်းခဲ့သည်။

ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေရေး၊ ကျောင်းနေကလေးတိုင်း အတန်းစဉ်ကူးပြောင်းသင်ယူနိုင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ယခုပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၏ ၇၀ ရာခိုင်နှုန်းခန့် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၉၂ ရာခိုင်နှုန်း ပညာသင်ကြားလျက်ရှိသည်။ ဖွင့်လှစ်ထားသောကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ခေတ္တပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အချိန်ပိုပြန်လည်သင်ကြားပေးပြီး ကလေးလူငယ်များ ပညာတတ်မြောက်ရေးကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ထားသည်။

ဘေးအန္တရာယ်ကျရောက်နိုင်သောဒေသများနှင့် ဝေးလံသောဒေသများမှ ပညာရေးနှင့် တည်ငြိမ်အေးချမ်းသည့် မြို့ပြကျေးလက်တို့ ပညာရေးကွာဟချက်မရှိစေရေးကို ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသားအများစုသည် ဝင်ငွေအလယ်အလတ်ရှိသူများနှင့် ဝင်ငွေနည်းကြသူများဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အခမဲ့ပညာရေးကို ဆောင်ရွက်ပေးပြီး နိုင်ငံသားများ ပညာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပညာရေးကိုအလေးထားဆောင်ရွက်ပေးမှုနှင့် ကျောင်းသား၊ မိဘ၊ ဆရာများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ အထူးသဖြင့် သင်ကြားရေးတာဝန်ယူနေကြသည့် ဆရာ ဆရာမများအခန်းကဏ္ဍမှာ အရေးကြီးသည်။ အစိုးရကျောင်းများ၏ အရည်အသွေးနှင့်စံချိန်စံညွှန်းမီ သင်ကြားနိုင်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်က ဆရာ ဆရာမများကို လိုအပ်သည့် အရည်အသွေးမြှင့်သင်တန်းများ တက်ရောက်စေပြီးမှ တာဝန်ပေးအပ်လျက်ရှိသည်။ ဆရာများအနေဖြင့် ကျောင်းသား ကျောင်းသူများ အတန်းအောင်ရေးထက် ပညာတတ်များဖြစ်အောင် သင်ကြားပေးရန်လိုအပ်သည်။ ဒေသအလိုက် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအား နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွင့်အရေးများကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများ သင်ကြားရေးတာဝန်ကို လုံခြုံအေးချမ်းစွာဖြင့် ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဒေသတွင်း၌ စိတ်ချလုံခြုံစွာ ရပ်တည်နေထိုင်နိုင်ရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေများကို သိရှိနားလည်ထားရေးသည် အရေးကြီးသဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အထူးသဖြင့် KG+11 နှင့် KG+12 ကျောင်းသား ကျောင်းသူများအား ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များ တိုးပွားအောင် သင်ကြားပေးရန်လိုသည်။

နိုင်ငံတော်အစိုးရက နိုင်ငံအနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုကောင်းမွန်သော လူ့ဘောင်လောကကို တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးကို ခိုင်မာအောင်ဆောက်တည်ပေးလျက်ရှိရာ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ကျောင်းသား ကျောင်းသူများက အသိဉာဏ်ရည်ပြည့်ဝသည့် ပညာတတ်များဖြစ်လာအောင်၊ နိုင်ငံကိုအကျိုးပြုသည့် သားကောင်းရတနာများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄၄ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်အေးအေးမော် | ကချင်ပြည်နယ်တရားလွှတ်တော် |
| (၂) | ဒေါ်မိမိစိန် | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဒေါက်တာဇော်ဝင်းထွန်း | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၄) | ဒေါက်တာအောင်သီဟ | မွန်ပြည်နယ်တရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ မျိုးမင်းကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်မြမြဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၂၇၁ | ၁၁,၃၁၁,၉၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၄,၉၂၃ | ၁၇,၄၁၀,၂၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၄,၀၉၇ | ၇,၁၇၄,၆၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၃ | ၈,၇၀၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၆၆၄ | ၁,၁၆၂,၅၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၄ | ၆၅,၈၀၀ |
| MAEX | ၃,၅၀၀ | ၃,၅၀၀ | ၃၃၁ | ၁,၁၅၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးတင်ပြစဉ်။

**☆ ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလို**

**☆ တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်**

☆ ရှေ့ဖုံးမှ

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ခြောက်လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယာယီသမ္မတတာဝန်ဝတ္တရားများ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စကို ဦးစွာပြောကြားလိုကြောင်း၊ ယာယီသမ္မတ ဦးမြင့်ဆွေအနေဖြင့် အာရုံကြောအားနည်းမှုခံစားရသောကြောင့် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး အထူးကုပါရဂူကြီးများပါဝင်သည့် ဆေးကုသမှုအဖွဲ့ဖြင့် ဆေးကုသမှုခံယူခဲ့ကြောင်း၊ အလားတူ ဝဲ၊ ယာမျက်စိများ၌ ဖြစ်ပွားလျက်ရှိသည့် အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခဲ့သည့်အခါ ကျန်းမာရေးအခြေအနေသည် တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက် ၁၁ နာရီခွဲတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်အလို့ငှာ တာဝန်လွှဲပြောင်းခြင်း ပြုလုပ်ခဲ့သည်ကို တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာမှု၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေကြေညာမှု ယင်းနှစ်ခုကို ဆက်စပ်ကြည့်မည်ဆိုပါက အရေးပေါ်ကာလမပြီးမြောက်သေးသည့် ကာလအတွင်း၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင်ပါဝင်သည့် ပုဂ္ဂိုလ်အချို့ လစ်လပ်သွားစေကာမူ ကျန်ရှိသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသည့် တာဝန်များကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာယီသမ္မတ၏ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် **ယာယီသမ္မတလစ်လပ်သွားပါက ပုဒ်မ ၄၁၂(ခ)နှင့် ပုဒ်မ ၄၁၈(ခ) တွင်ပါရှိသည့် အခြေခံဥပဒေ၏ သဘောတရားများအရ နိုင်ငံတော်၏ကိစ္စရပ်များကို အဓိက အဆုံးအဖြတ်ပေးရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ဦးဆောင်ရန်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရလည်း နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိမှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံးဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လွှဲပြောင်းခဲ့ခြင်းဖြစ်ကြောင်း။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူချိန်ကတည်းက မဲမသမာမှုများအတွက် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်များရှိမဲစာရင်းများကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း၊ မဲမသမာမှုပြုလုပ်ခဲ့သူ တာဝန်ရှိသူများသည် ဝန်ခံခြင်းမပြုသော်လည်း သက်သေများနှင့် စစ်မေးသည့်အခါ ပေါ်လွင်ထင်ရှားသည်ကို တွေ့ရှိသောကြောင့် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဆိုင်ရာ တွေ့ရှိချက်များကိုထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကိုလည်း ဥပဒေအတိုင်း အရေးယူခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး **မူလရည်ရွယ်ချက်သည် အရေးပေါ်ကာလ(၂)နှစ်ပြီးပါက ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် မည်သို့မျှအခြေအနေမပေးသောကြောင့် သက်တမ်းကာလ(၂)နှစ်ပြည့်ပြီးနောက် အရေးပေါ်အခြေအနေ ထပ်မံကြေညာခဲ့ရကြောင်း၊** အချိန်အခါနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင်ချမှတ်ခဲ့ကြောင်း၊ ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်သည်လည်း ရွေးကောက်ပွဲကျင်းပရေးပင်ဖြစ်ကြောင်း၊ **ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။**

## တိုင်းပြည်သာယာဝပြောရေးနှင့် ပတ်သက်သည့်လုံခြုံရေးကဏ္ဍ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရယူပြီးသည့်နောက်ပိုင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးလမ်းကြောင်းကို ဦးတည်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေး အကြမ်းဖက်လုပ်ရပ်များကို တရားလက်လွတ် ဥပဒေမဲ့ ယခုအချိန်ကာလအထိ လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/သံဃာ ၈၄ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇,၂၈၄ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ကျန်းမာရေးနှင့် လူနေအဆောက်အအုံအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ ၁၀,၃၃၀ တို့ကို ဖျက်ဆီးခြင်းခံခဲ့ရပြီးဖြစ်ကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးကိုမလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ အနေဖြင့်လည်း လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို အခြေခံပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ပြုလုပ်နေကြောင်း၊ မိမိအနေဖြင့် EAO အဖွဲ့များကို ခေါ်ယူတွေ့ဆုံခဲ့ရာတွင် ၎င်းတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံသဘောတူကြောင်းကို ပြောကြားခဲ့ကြောင်း၊ သို့သော် ယခုအချိန်တွင် အချို့ EAO များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ချိုးဖောက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ မိမိအနေဖြင့် ယခင်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းများနှင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက်အာဏာရရှိရေး ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့သည့် ဖြစ်စဉ်များရှိခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်အတွက်မျှ အကျိုးအမြတ်မရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် MNDAA အဖွဲ့နှင့် TNLA အဖွဲ့တို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်သဘောတူထားသည့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ပြီး တိုက်ပွဲများ ဖော်ဆောင်လာခဲ့ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လားရှိုးဒေသတစ်ဝိုက်ရှိ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့အတွင်းကိုလည်း ရှော့တိုက်ဒုံးများဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း မြို့တွင်းသို့စိမ့်ဝင်ပြီး ပြည်သူ့အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးလျက်ရှိကြောင်း၊ ၎င်းတို့နှင့် မဟာမိတ်ပြုလုပ်ထားသည့် TNLA အဖွဲ့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်ဒေသတို့တွင်ရှိသည့် နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့အချို့အတွင်းသို့ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်လာသည့်အတွက် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသာမက အသက်အန္တရာယ်ပါ ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးပြပြီး အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လာမှုကို ပြည်သူလူထုအနေဖြင့် အလွန်ရှုံရှာစက်ဆုပ်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ **တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်ကြောင်း၊** တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ်တွင် ဝန်းရံထောက်ခံအားပေးနေသည့် မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသားပြည်သူလူထုအပေါ် ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ အမိနိုင်ငံတော်အပေါ် ရည်ရွယ်ချက်ရှိရှိ ထိခိုက်အောင် ဆောင်ရွက်လာသည့် သောင်းကျန်းသူအဖျက်သမားများအပေါ် ပြင်းပြသည့်၊ စုစည်းညီညွတ်သည့် အမျိုးသားရေးစိတ်၊ မြန်မာစိတ်တို့မွေးမြူပြီး နိုင်ငံတော်ကို စုပေါင်းကာကွယ်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် မိုးကုတ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နယ်စပ်ဒေသစီမံခန့်ခွဲရေးကိစ္စရပ်များသည် နှစ်နိုင်ငံအစိုးရများမှ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို နှစ်ဖက်အစိုးရဌာနများကသာ ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အချို့နယ်စပ်ဒေသများတွင် စီမံခန့်ခွဲမှုများ ချို့ယွင်းမှုဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပုံမှန်အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။**

စာမျက်နှာ ၄ သို့ ☆

**☆ ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှု မရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေး မပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရ**

**☆ ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်**

**☆ လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေး သဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိ**

☆ စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ထာဝရ ငြိမ်းချမ်းရေးရရှိရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို Union Accord အဖြစ် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီးတော့လည်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်း မီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိ**ကြောင်း။

**စီးပွားရေးကဏ္ဍ**

နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတိုးတက်ရေး ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံကုန်ထုတ်လုပ်မှုမရှိဘဲ GDP တက်လာရန် မဖြစ်နိုင်ကြောင်း၊ မိမိတို့တာဝန်ယူသည့်အချိန်က ကိုဗစ်-၁၉ ပြင်းထန်စွာဖြစ်ပွားနေပြီး စီးပွားရေး ကျဆင်းနေသည့်ကာလဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် GDP တိုးတက်မှုသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ရှိထားသည့် အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားအားသွန်ခွန်စိုက်ဆောင်ရွက်မှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာတွင် အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ၈ ဒသမ ၃ ရာခိုင်နှုန်းမျှ တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုရခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ နိုင်ငံ့စီးပွားရေး ကျဆင်းပါက ကျန်သည့်အကျိုးဆက်များလည်း ရှိလာမည်ဖြစ်သဖြင့် ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှုမရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးမပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် **နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကိုတွေ့ရှိရ**ကြောင်း၊ ထို့ကြောင့် အခြေခိုင်ပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထုတ်ကုန်များ ထုတ်လုပ်မှုမြင့်မားစေရေး အဓိကတွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးတောင်သူအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုကြောင်း။

ပြီးခဲ့သည့်ဧပြီလအတွင်း မသမာသူဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်စေရန် ဆောင်ရွက်ခဲ့သောကြောင့် ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာအောင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများလုပ်ဆောင်ခြင်း၊ ဘဏ်စနစ်များ ထိခိုက်ပြိုလဲအောင် လုပ်ဆောင်ခြင်း၊ ငွေကြေးများ ကမောက်ကမဖြစ်အောင် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသောကြောင့် လိုအပ်သည့်စည်းကမ်းဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ **ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း နိုင်ငံတော်တွင် စားသုံးဆီနှင့် စက်သုံးဆီကိစ္စများနှင့် ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်စိတ်မြင့်မားအောင်ဝိသမလောဘသားများကကောလာဟလများဖြန့်ပြီး လုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်များစွာ ရှိခဲ့သဖြင့် မိမိတို့အနေဖြင့် မှန်ကန်သည့်လုပ်ဆောင်ချက်များ၊ တိကျပြတ်သားသည့် မူများချမှတ်ပေးပြီး ပြည်သူလူထုအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း ဈေးနှုန်းကမောက်ကမဖြစ်လာနိုင်ဖွယ်ရှိသည်ကို သုံးသပ်တွေ့ရှိရသည့်အတွက် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံပြည်သူလူထု စားရေးကိစ္စအဆင်ပြေစေရန် မိသားစုအလိုက် လိုအပ်နိုင်မည့်ဆန်ပမာဏများကို နိုင်ငံတစ်ဝန်း ရောင်းချပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်နိုင်ငံရေးသည် **စီးပွားရေးပင်ဖြစ်သည်ဟု ခံယူပြီး ပြည်သူများ စားဝတ်နေရေး ပြေလည်မှုမှ တစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း။

**လူမှုရေးကဏ္ဍ**

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရ သင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 ပြီးမြောက်ပါက KG+10 မှ KG+12 အထိ သုံးနှစ်တာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုဘာသာရပ်များ ဆက်လက်သင်ကြားနိုင်ပါက အခြေခံအလုပ်အကိုင်ကို ရရှိစေမည်ဖြစ်သကဲ့သို့ ဆက်လက်ပညာသင်နိုင်ပါက ကိုက်ညီသည့် ဒီပလိုမာ/ဘွဲ့များ ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုကျွမ်းကျင်သောလုပ်သားအရင်းအမြစ်များရမည်ဖြစ်ကြောင်း၊ **စနစ်သစ်ပညာရေးအရ KG+12 အတန်းကိုရောက်ပါက အသက်အရွယ်အားဖြင့် အသက် ၁၇ နှစ်၊ ၁၈ နှစ်ဝန်းကျင် ရောက်ရှိသည့်အရွယ်ဖြစ်**ကြောင်း၊ **၁၈ နှစ်ဆိုပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်အရွယ်ဖြစ်**ကြောင်း၊ **ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ဥပဒေကိုနားလည်ရန်လို**ကြောင်း၊ **ထို့ကြောင့် အဆိုပါအတန်း၊ အဆိုပါအရွယ်ကတည်းက ဥပဒေဗဟုသုတများကြွယ်ဝနေစေရေး ဆွေးနွေးသင်ကြားဆောင်ရွက်ရန်လို**ကြောင်း။

ယခုပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အခြေခံပညာအဆင့် ကျောင်းတက်ရောက်မှုအနေဖြင့် မူလစာရင်းသွင်းထားသူများအနက်မှ ၉၂ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ရာနှုန်းပြည့်ကျောင်းတက်နိုင်ရေးနှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့် လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေအသက်ပိုင်းခြားအရ ယခုထက်ပိုပြီး ကျောင်းတက်ရောက်သူဦးရေများရန် လိုအပ်မှုများရှိနေသေးကြောင်း၊ စာသင်ကျောင်းများဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်ကို ရောက်ရှိရေး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၃ ခုနှစ်မှစပြီး ပညာရေးညီလာခံကို ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်လက ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးညီလာခံများမှရရှိသည့် ဖော်ထုတ်ချက်များကို မြန်မာနိုင်ငံပညာရေးကဏ္ဍ မြင့်မားရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် ပညာရေးအပေါ်တွင်အခြေခံခြင်းကြောင့် ပညာရေးအဆင့်တိုးတက်လာရန် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အုပ်ချုပ်သူ အဖွဲ့အစည်းများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လို**ကြောင်း၊ "**အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက**" ဟု ဆိုသည့်အတိုင်း ကျောင်းစည်းကမ်းလိုက်နာခြင်းမှစပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့်၊ နိုင်ငံကြီးသားကောင်းပီသသည့် အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ဆေးရုံသုံးစက်ကိရိယာများ ဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ **ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်**ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရန်အတွက် "**ဆေးရုံတိုင်း ဆရာဝန် ရှိရမည်**" ဆိုသည့်မူကို ချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှ လုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင်ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကို ပြည့်ဝစွာရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင် ပါဝင်သော "**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး**" ဆိုသည့်အချက်ကို အထောက်အပံ့ဖြစ်စေရန် လာမည့်ဒီဇင်ဘာလအတွင်း၌လည်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်မိုးရာသီကာလတွင် ရေကြီးရေလျှံမှုအနည်းနှင့်အများ ဖြစ်ပေါ်တတ်သည့် နိုင်ငံဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးဦးကာလအစကတည်းက ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုများပြားလာပြီး မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနားဒေသမှစတင်ကာ ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါသဘာဝဘေးအန္တရာယ် ကျရောက်နေမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တာဝန်သိလူမှုအဖွဲ့အစည်းများအားလုံးက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်ပြီး ပြည်သူ့အကျိုး သယ်ပိုးလျက်ရှိကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

### စားရေရိက္ခာဖူလုံရေး

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့် အမျှ စားရေရိက္ခာလိုအပ်မှု Demand ကလည်း အချိုးကျမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားက ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာ ဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်ခြင်းကြောင့် ထိရောက်အကျိုးရှိစွာအသုံးချနိုင်ရန် လိုအပ်ကြောင်း၊ **၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၅ သန်း ကျော်လျာထားပြီး လက်ရှိအချိန်တွင် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးပြီးဖြစ်**ကြောင်း၊ မိုးသီးနှံများအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံ လျာထားဧက ၄ ဒသမ ၆ သန်းကျော်ရှိပြီး ပျမ်းမျှ ၈၁ ရာခိုင်နှုန်းကျော်၊ ပဲအမျိုးမျိုး လျာထားဧက သုံးသန်းကျော်ရှိပြီး ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး အဓိကစိုက်ပျိုးသီးနှံများကို သီးထပ်စိုက်ပျိုးမှုဆောင်ရွက်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထို့ပြင် မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး စနစ်တကျမွေးမြူခြင်းနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်အောင် ဆောင်ရွက်နိုင်ပါက ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန်ကို အစားထိုးနိုင်ပြီး အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေသည်အထိ အကျိုးရှိစေနိုင်ကြောင်း။

**မြန်မာနိုင်ငံတွင် မိုးစပါး ၁၅ သန်းနှင့် နွေစပါး နှစ်သန်းစိုက်ပျိုးထား**ကြောင်း၊ **လယ်အနေဖြင့် နှစ်ရပ်ပေါင်း ၁၅ သန်းခန့် စိုက်ပျိုးထားသည့်အတွက် တစ်ဧက ပန်းတိုင် ရည်မှန်းချက်တင်း ၁၀၀ ထွက်ပါက လူဦးရေ သန်း ၁၀၀ စာအတွက် ဝမ်းစာဖူလုံမှု ရှိ**ကြောင်း၊ ယင်းသည် **တစ်သီးသာဖြစ်ပြီး သီးထပ်စိုက်ပါက သန်း ၂၀၀ စာအတွက် ဖူလုံမှုရှိ**ကြောင်း၊ ထို့ကြောင့် လယ်စပါးစိုက်ပျိုးခြင်းကပင် ဆန်ပိုလျှံမှုများစွာရှိပြီး ပြည်ပဝင်ငွေများစွာရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အခြား ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများလည်း ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်ပါက စိုက်ဧကမတိုးချဲ့ဘဲနှင့်ပင် များစွာပိုလျှံမည်ဖြစ်သည့်အတွက် အားသွန်ခွန်စိုက်အလုပ်လုပ်ကြရန်နှင့် လုပ်နိုင်အောင် ဖန်တီးပေးရန်ပင်လိုကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ ၄၁ ဒသမ ၂ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ အဆိုပါနယ်ပယ်တွင်ရှိကြသည့် လုပ်သားအင်အားကို လူသားအရင်းအမြစ်ကောင်းများအဖြစ် မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများပင်ဖြစ်ကြောင်း၊ မွေးမြူရေလုပ်ငန်းများ၌ ဒေသမျိုးရင်းတိရစ္ဆာန်များကိုပင် လှောင်မွေးစနစ်ဖြင့် မွေးမြူပြီး စိုက်ပျိုးရေးမှရရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ကောက်ရိုးတို့ဖြင့် အစာရေစာကို စနစ်တကျကျွေးမွေးပါက စီးပွားရေးအရများစွာ တွက်ခြေကိုက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသည့်နိုင်ငံများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းလမ်းများကို လေ့လာပြီး ခေတ်မီနည်းစနစ်များဖြင့် လက်တွေ့ဆောင်ရွက်နိုင်ရန် စီမံပေးလျက်ရှိကြောင်း။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်လာမည်ဖြစ်သည့် အတွက် ဖိတ်ခေါ်**ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့်စီးပွားရေးတစ်ခုဖြစ်ခြင်းကြောင့် ပန်းတိုင်အထွက်နှုန်းများပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**☆ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဖိတ်ခေါ်**

### ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိသည့် ဝိသေသလက္ခဏာအများစုမှာ ပြည်ထောင်စု (ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပထမဦးစွာ ဖက်ဒရယ်ပုံစံမူများဖြစ်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်တွင် လွှတ်တော်နှင့်အစိုးရနှစ်ရပ် ဖွဲ့စည်းထားရှိခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတည်ရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးထားခြင်း၊ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေခြောက်ခု တည်ရှိခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘဏ္ဍာရေးခွဲဝေကျင့်သုံးမှုကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများဖြင့် တိတိကျကျဖော်ပြထားရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးထားသည့် အခွင့်အရေးများကိုအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြရန်သာ လိုအပ်ကြောင်း၊ လိုအပ်ချက်အရ အခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီ ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင် ၄၆ ခု တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး စုစုပေါင်းခရိုင် ၁၂၁ ခုနှင့် ထိရောက်သည့်အုပ်ချုပ်ရေးကို ဖြစ်ပေါ်လာအောင် ၂၀၂၂ ခုနှစ်ကတည်းက ဖော်ဆောင်ပေးခဲ့ကြောင်း၊ ခရိုင်များ၏ဦးဆောင်မှုဖြင့် မြို့နယ်/ ဒေသအားလုံး တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကိုအသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့် အစိုးရများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်း ပြည့်မီအောင်အတတ်နိုင်ဆုံးရွေးကောက်ပွဲများ ကျင်းပနိုင်ရန်လိုအပ်ကြောင်း၊ ထို့အတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ယခုအချိန်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး သဘောထား ကွဲလွဲမှုများရှိသည်ကို နားလည်လက်ခံကြောင်း၊ ကိုယ်စီ၏ လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်နှင့် လက်နက်ကိုင်တောင်းဆိုခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမှ လက်မခံခြင်းကြောင့် ဥပဒေနှင့်အညီသာ တောင်းဆိုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးချိန်တွင်လည်း ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဥပဒေနှင့်အညီသာ တောင်းဆိုရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်လည်းဖြစ်**ကြောင်း။

### ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့်အခြေခံမဲစာရင်းများ ရရှိရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေးအဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့်အခက်အခဲများကို ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းများကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့်နေရာများအတွက်လည်း မြေပြင်တွင်ရှိသည့်စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးစာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ရနိုင်သည့်မြို့ရွာများကို ဦးစွာကောက်ယူပြီး ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူကာ ဆက်လက်ကောက်ယူသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျင်းပနိုင်သည့်နယ်မြေများကို ဦးစွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလောလုံခြုံရေးအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသေးသည့် နယ်မြေများကိုလည်း လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပြီး ဆက်လက်ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လုံခြုံရေးပိုင်းနှင့် ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၀ ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ နှစ်ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၈ ပါတီရှိပြီဖြစ်ကြောင်း။

**စာမျက်နှာ ၆ သို့ ☆**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တင်ပြဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တင်ပြဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တင်ပြဆွေးနွေးစဉ်။

☆ **စာမျက်နှာ ၅ မှ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲဆန္ဒရှင်များမဲပေးရာတွင် အဆင်ပြေစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၅ ခုရှိ မြို့နယ် စုစုပေါင်း ၁၂ ခုတွင်ရှိသည့် ဒေသခံပြည်သူ ၁၀၇၂၉၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး အာမခံထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအကျိုးကို မလိုလားသည့် နိုင်ငံများ၏ ထောက်ပံ့မှုများ ရယူကာ အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့် လုပ်ဆောင်နေ**လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုကိုမလိုလားသည့် လက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ဥပဒေမဲ့လုပ်ရပ်များနှင့် နယ်မြေချဲ့ထွင်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေသည်ကို သိသာထင်ရှားစွာတွေ့မြင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး အခြေအနေများကို ပြန်လည်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး တစ်ရပ်ကျင်းပနိုင်ရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ထပ်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ အထက်ပါတင်ပြခဲ့သည့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်တာဝန်ယူထမ်းဆောင်ခွင့်ကို ထပ်မံ၍ (၆ လ) သက်တမ်းတိုးမြှင့်ပေးနိုင်ရန် တပ်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မကြာမီဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အနည်းငယ် ဆွေးနွေးတင်ပြလိုပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိကျမှန်ကန်သော မဲစာရင်းများသည် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံရပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် အခြေခံမဲစာရင်းပြုစုရေး လုပ်ငန်းများသည် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းသဘောသဘာဝအရ အဆင့်ဆင့်သော လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ အချိန်ယူရမည်ဖြစ်ပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးရာတွင် ပထမအချက်အနေဖြင့် ယာယီသမ္မတ ဦးမြင့်ဆွေသည် ကျန်းမာရေးအခြေအနေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၉ ၊ ပုဒ်မ ၄၂၅ တို့အရ ယာယီသမ္မတတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အသီးသီး၌ လက်နက်ခဲယမ်းနှင့် မိုင်းမျိုးစုံကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်အချို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး စစ်အုပ်ချုပ်ရေးအာဏာကျင့်သုံးရန် ထုတ်ပြန်ဆောင်ရွက်ခဲ့ရခြင်းများရှိသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့ရခြင်းများလည်းရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံတော်အနေဖြင့် မှန်ကန်သည့်ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်တွင်လက်ရှိဖြစ်ပေါ်နေသည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားအထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက် ပြည့်စုံစွာဆွေးနွေးပေးကြသဖြင့် ကျေးဇူးတင်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြည်သူအားလုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ

## ☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်

ထမ်းဆောင်မှုအပေါ်ထောက်ခံပါကြောင်း၊ ဒုတိယအချက်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်၏ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်မှုများသည် ပြီးပြတ်မှုမရှိသေးပါကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည်လည်း အရေးကြီးသည့်လုပ်ငန်းရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရေး နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် သက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လဆန်းမှစ၍ အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့အတွင်းရှိ လုံခြုံရေးဆိုင်ရာ တပ်စခန်းများကို သာမက သာမန်ပြည်သူများနေထိုင်သည့် မြို့၊ ရွာများအား ရှော့တိုက်ဒုံး၊ ဒရုန်းများ အသုံးပြု၍ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲမရှောင်သာ ရယူတာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပြီး နိုင်ငံ၏အခြေအနေ လုံခြုံတည်ငြိမ်လာသည့်အချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပပေးကာ နောင်ပေါ်ပေါက်လာမည့်အစိုးရကို နိုင်ငံတော်အာဏာအားစနစ်တကျ ပြန်လည်လွှဲပြောင်းပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်၍ တရားမျှတပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် နိုင်ငံအတွင်းလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ဆောင်ရွက်နိုင်ရန် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ၂၀၂၄ ခုနှစ် အတွင်း ယခုအချိန်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ပြီးခဲ့သည့် အရေးပေါ်အခြေအနေ သက်တမ်းတိုးမြှင့်ထားခဲ့သည့် ၆ လတာ ကာလ အတွင်း နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပါဝင်သည့် လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သန်းခေါင်စာရင်းကောက်ယူခြင်း အပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးကြောင်းနှင့် ယင်းလုပ်ငန်းစဉ်များကို အချိန်ကာလတစ်ခု ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို နောက်ထပ် ၆ လ ထပ်မံတာဝန်ထမ်းဆောင်ခွင့်ပြုရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အချိန်တိုအတွင်း ပြည့်စုံအောင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်မဟုတ်ကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စိစစ်မှုအဆင့်ဆင့် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထွက်ပေါ်လာသော လူဦးရေစာရင်းကိုအခြေခံ၍ မဲစာရင်းကိုအတတ်နိုင်ဆုံး ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လုံခြုံရေးဆိုင်ရာ အားနည်းချက်များရှိ၍ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုံခြုံရေး တိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လုံခြုံရေးအခြေအနေအပေါ်မူတည်၍ ဦးစားပေးအဆင့်ဆင့်သတ်မှတ်ပြီး နယ်မြေဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရအဖွဲ့များ ပေါ်ပေါက်လာရေး ရှေ့ဆက်လျှောက်လှမ်းရမည် ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေ အောင်မြင်စွာ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ကျင်းပရာတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဆိုင်ရာ ဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ခိုင်လုံမှန်ကန်သည့် မဲစာရင်းများရရှိရန်လိုကြောင်း၊ ထို့ကြောင့် လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာပြီးမြောက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ပြန့်စွာဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုအစိုးရ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရများပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပေါ်ပေါက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရွေးကောက်ပွဲကျင်းပနိုင်မည့် တည်ငြိမ်အေးချမ်းမှုရှိသည့် အနေအထားဖြစ်ပေါ်အောင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လုံလောက်သည့်အချိန် ရယူဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ အဆိုပြုချက်များကို မိမိအနေဖြင့် သဘောတူပါကြောင်း။

တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလကို နောက်ထပ် ၆ လ ထပ်မံသက်တမ်းတိုးမြှင့်ရန် သဘောတူညီဆုံးဖြတ်ပြီးဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၅ နှင့်အညီ “**နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း**”ကို ကြေညာအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)ကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တီဟီရန်မြို့၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား တက်ရောက်




**တီဟီရန် ဇူလိုင် ၃၁**

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါဂါလီဘာဖ်၏ ဖိတ်ကြားချက်အရ အီရန်နိုင်ငံ၌ ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က တီဟီရန်မြို့ရှိ အီရန်လွှတ်တော်၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

**စုပေါင်းဓာတ်ပုံရိုက်**

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမစတင်မီ စုပေါင်းဓာတ်ပုံရိုက်ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသောကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ ပါဝင်ခဲ့သည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အထူးကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ အစီအစဉ်အရ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက်ဘက်ဂါဂါလီဘာဖ်က အဖွင့်အမှာစကား ပြောကြားကာ အီရန်တရားသူကြီးချုပ် မစ္စတာ မိုဆယ်နီအီဂျဲက မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် အီရန်သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်က ကျမ်းသစ္စာကျိန်ဆို၍ မိန့်ခွန်းတစ်ရပ်ပြောကြားကာ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာဖ်က အပိတ်မိန့်ခွန်း ပြောကြားပြီး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်သမ္မတ မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်သည်။

အီရန်နိုင်ငံသို့ ရောက်ရှိစဉ် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို အခမ်းအနား တက်ရောက် လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

**ပို့ဆောင်ပြသ**

တီဟီရန်မြို့၌ ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း အိမ်ရှင်အီရန်အစိုးရက ကိုယ်စားလှယ်အဖွဲ့များအား တီဟီရန်မြို့ရှိ အီရန်အမျိုးသားပြတိုက်နှင့် အီရန်ရှေးဟောင်းသုတေသနနှင့် အနုပညာပြတိုက်တို့သို့ ပို့ဆောင်ပြသပေးကြသည်။

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်အား ၁၉၅၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် နှလုံးခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျန်းမာရေး ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီရန်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရာထူးတာဝန်အသီးသီး တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှ် ရှတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖော်ရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**တိုက်ကြီး ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက မလေးရှားဝိုင်ကျေးရွာအုပ်စု မေတ္တာအေးကျေးရွာ တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ် (၁၃) ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဒေါ်အေးအေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများက အမြင့် နှစ်ပေနှင့်အထက် ပျဉ်းကတိုးပင် ၂၀၀၊ မဟော်ဂနီပင် ၂၀၀ နှင့် မန်ကျည်းရှားပင် ၂၀၀ စုစုပေါင်းပျိုးပင် ၆၀၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာကမ္ဘောဒီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# Naypyitaw State Academy သို့ သုံးဖက်မြင်သင်ကြားရေး Smart Boards များ လှူဒါန်း




နေပြည်တော် ဇူလိုင် ၃၁

Naypyitaw State Academy သို့ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (China Foundation for Rural Develop-ment- CFRD) က သုံးဖက်မြင်သင်ကြားရေး Smart Boards များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ Academy ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုဆိုင်ရာသံမှူး Mr. Li Qianguo၊ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဘဏ္ဍာရေးအရာရှိချုပ် Ms. Tang Fengmei၊ ဌာနေကိုယ်စားလှယ် Ms. Lin Yuan၊ ပါမောက္ခများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် ဒုတိယဝန်ကြီးက ယခုကဲ့သို့ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (CFRD) က သုံးဖက်မြင်သင်ကြားရေး ၈၆ လက်မ MAXHUB Smart Board ၁၀ လုံး လှူဒါန်းသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုလှူဒါန်းသည့် ခေတ်မီ ဆန်းသစ်သော နည်းပညာသုံး သင်ထောက်ကူပစ္စည်းများသည် စာသင်ခန်းတွင်း သင်ကြားနည်းစနစ်ကို ပိုမိုထိရောက်စေကြောင်း၊ Naypyitaw State Academy ကို နိုင်ငံတကာ တက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းအားထုတ်မှုတွင် ယနေ့ လှူဒါန်းမှုသည် မှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုဆိုင်ရာသံမှူးက အမှာစကား ပြောကြားကာ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ ဘဏ္ဍာရေးအရာရှိချုပ်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဆိုင်ရာသံမှူး တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဘဏ္ဍာရေးအရာရှိချုပ်နှင့် ဌာနေကိုယ်စားလှယ်တို့က Naypyitaw State Academy သို့ MAXHUB Smart Board ၁၀ လုံးကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက Smart Board အသုံးပြုသင်ကြားနည်းကို သရုပ်ပြရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသို့ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပေးအပ်၍ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၌ Smart Board အသုံးပြုသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) မြန်မာနိုင်ငံက လက်ခံရရှိ

နေပြည်တော် ဇူလိုင် ၃၁

အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်စေရန် ရည်ရွယ်၍ အရှေ့တောင်အာရှဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေး မိတ်ဖက်အဖွဲ့ (South East Asia Tobacco Control Alliance) နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) အစီအစဉ်ကို ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပဆောင်ရွက်ခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် စတင်မိတ်ဆက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်များမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိသည့်အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု(ASEAN Smoke Free Award) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းဖြင့် စိစစ်ရွေးချယ်ခဲ့ပြီး ရွှေတံဆိပ်(Gold)ကို ဖိလစ်ပိုင်နိုင်ငံ Iloilo City ကလည်းကောင်း၊ ငွေတံဆိပ်(Silver)ကို အင်ဒိုနီးရှားနိုင်ငံ Bogor City ကလည်းကောင်း၊ ကြေးတံဆိပ် (Bronze)ကို ထိုင်းနိုင်ငံ Saensuk Municipality နှင့် မြန်မာနိုင်ငံ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတို့က ပူးတွဲ၍လည်းကောင်း၊ နှစ်သိမ့်ဆုအဖြစ် လာအိုနိုင်ငံ Luang Prabang က လည်းကောင်း ရရှိခဲ့ကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အကြောင်းကြားခဲ့သည်။

မြန်မာနိုင်ငံက ရရှိသည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award)ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပဆောင်ရွက်မည့် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် အခမ်းအနားအစီအစဉ်တစ်ရပ်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သံလွင်သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ကမာရွတ်မြို့နယ် အမှတ်(၁၀) ရပ်ကွက် သံလွင်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့တွင် အသင်းရုံးခန်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးလှဝေက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က ဧည့်သည်တော်အဖြစ် တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။



ဆက်လက်၍ အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ဘဏ္ဍာရေးရှင်းတမ်းကို တာဝန်ရှိသူများက ဖတ်ကြားပြီး အတည်ပြုချက်ရယူခဲ့ကြသည်။

ထို့နောက်အသင်းသားများအား အစုပေါ်အမြတ်များ ပေးအပ်ခြင်းနှင့် အစုတန်ဖိုးတိုးမြှင့်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

တင်ဝင်းတင်

# လပွတ္တာမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

လပွတ္တာ ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို လပွတ္တာမြို့နယ် အမှတ်( ၂) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့တွင် ပြုလုပ်သည်။



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လပွတ္တာ မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ဦးဆောင်ကာ တိုက်နယ်မှူးနှင့် ဝန်ထမ်းများက အထက (၂)သို့ကွင်းဆင်း၍ အသက် ၁၀ နှစ်ပြည့်ပြီးသူ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် အသက် (၁၈) နှစ်ပြည့်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ၊ အိမ်ထောင်စုစာရင်းမရှိသူ ကျောင်းသား ကျောင်းသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။

မူမူ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရေးသားသည့် စာအုပ် ၁၀၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးဆရာ မောင်အောင်)က ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယခုစာအုပ်သည် ၁၉၇၃ ခုနှစ်တက္ကသိုလ်ကျောင်းသားဘဝ တတိယနှစ်တွင် ရေးသားခဲ့သည့်စာအုပ်ဖြစ်ကြောင်း၊ ယင်းစာအုပ်သည် စာပေဗိမာန်ဆုရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေခဲ့ကြောင်း၊ ယခုနှစ်တွင် ထူးခြားစွာဖြင့် “အ”သုံးလုံးသင်တန်းများ ပြန်လည်ဆောင်ရွက်နေသည့်အတွက် ယခုစာအုပ်ကို ထပ်မံထုတ်ဝေရခြင်းဖြစ်ကြောင်း၊ လူငယ်များကိုပြုစုပျိုးထောင်ရာတွင် အလွန်အရေးကြီးသည့် လုပ်အားပေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့် ဘဝအတွေ့အကြုံများဖြင့် ရေးသားထားသည့် ယခုစာအုပ်ကို အားလုံးဖတ်ရှုနိုင်စေရန် လာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံ၏ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းများတွင် နိုင်ငံသားတိုင်း တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသား ပြုစုထားသော စာပေဗိမာန်ဆုရ “လကွယ်ည၏ အလင်းရောင်” စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ စာအုပ်များ လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာရေးသူအနေဖြင့် ပထမအကြိမ်ကလည်း စိုက် / မွေး / ဆည် စာစုများစာအုပ် အုပ်ရေ ၂၅၀ နှင့် ရင်ထဲကအဖေနှင့်ပတ်သက်သည့် စာစုများစာအုပ် အုပ်ရေ ၂၅၀ ပေါင်း ၅၀၀ ကို လှူဒါန်းပေးခဲ့ပါကြောင်း၊ ယခုလို စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေသည့် အချိန်ကာလတွင် စာအုပ်များ လှူဒါန်းပေးခြင်းသည် ကုသိုလ်လည်းရသလို လိုအပ်သည့်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ စာရေးသူအနေဖြင့် စာကောင်းစာမွန်များ ဆက်လက်ရေးသားနိုင်ပါစေကြောင်းနှင့် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးဆရာ မောင်အောင်)က စာပေဗိမာန်ဆုရ “လကွယ်ည၏အလင်းရောင်” စာအုပ် ၁၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်ရာ စာအုပ်များကို သက်ဆိုင်ရာစာကြည့်တိုက်များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကတင်ကျေးရွာ မိုးကြိုဝါဆွတ်ခူးနေမှုနှင့် ဝါကြိတ်စက်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကတင်ကျေးရွာရှိ လင်းလင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၈၃ ဦး၏ ဝါစိုက်ဧက ၂၁၀ ၌ စိုက်ပျိုးထားသော B-31 မိုးကြိုဝါများ ခူးဆွတ်ရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**မေးမြန်းဆွေးနွေး**

ကြည့်ရှုစစ်ဆေးစဉ် အသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး Grade A၊ Grade B အဆင့်မီဝါများ ရရှိနိုင်မှုနှင့် တစ်ဧကအထွက်နှုန်း၊ ဈေးကွက်ချိတ်ဆက်ရောင်းချနိုင်မှု အခြေအနေတို့ကိုမေးမြန်းဆွေးနွေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရရှိရေးအတွက် တွင်းတိမ်တူးဖော်ပေးထားသော စိုက်ဧကများ၌ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးကြရေး မှာကြားသည်။

ကတင်ကျေးရွာ သမဝါယမ ဝါစိုက်ခင်း ဧက ၂၁၀ တွင် ဇူလိုင်လအတွင်း ဆွတ်ခူးရရှိမှုမှာ တစ်ဧကလျှင် ပိဿာ ၃၀၀ ကျော်ခန့် ရရှိထားပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ နှုန်း ရောင်းချရကြောင်း၊ လာမည့်ဩဂုတ်လ၌ ဆက်လက် ခူးဆွတ်ပြီးပါက တစ်ဧကအထွက်နှုန်း ပိဿာ ၆၀၀ ကျော်ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့ တိုးပွားကြီးဝါကြိတ်စက်နှင့် ဆီစက်လုပ်ငန်းသို့ သွားရောက်ပြီး မိုးကြိုဝါများ ဝယ်ယူရရှိမှု၊ ဝါကြိတ်ဝါဖိလုပ်ငန်းအတွက် ကူညီပံ့ပိုးပေးရမည့် အခြေအနေတို့ကို လေ့လာမေးမြန်းရာ လက်ရှိအချိန်ထိ ဝါပိဿာချိန် ခြောက်သောင်းခန့် ဝယ်ယူရရှိပြီးဖြစ်ကြောင်းနှင့် Grade A၊ Grade B အဆင့်မီကြောင်း သိရှိရပြီး ဝါကြိတ်လုပ်ငန်းရှင်များ အနေဖြင့် စံချိန်စံညွှန်းမီဝါများ ဝယ်ယူရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝါစိုက်တောင်သူများအား စည်းရုံးပညာပေးကြရန် မှာကြားသည်။

ယင်းနောက် ရမည်းသင်းမြို့ ငွေလှမြိုင် ဝါကြိတ်စက်ရုံသို့ သွားရောက်ကြည့်ရှု အားပေးပြီး မိုးကြိုဝါဝယ်ယူရရှိမှု အခြေအနေကို လေ့လာရာ Grade A၊ Grade B အဆင့်မီဝါပိဿာချိန် တစ်သိန်းခန့် ဝယ်ယူရရှိကြိတ်ခွဲနေပြီဖြစ်သည်။

ဆက်လက်၍ ပျော်ဘွယ်မြို့ ဂျုံးဖြူအီးအမ်ဘိုကာရှီ မြေသြဇာထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး နွားချေး၊ ကြက်ချေး အခြေခံ အီးအမ်ဘိုကာရှီ မြေသြဇာ ၂၅ ကီလို(အမှုန့်) ထုတ်လုပ်နေမှုနှင့် Diamond Light အမှတ်တံဆိပ်ဖြင့် ကီလို ၅၀ သဘာဝမြေသြဇာ (အလုံး) ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးကာ သမဝါယမအသင်းစုများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး တောင်သူများထံ ဖြန့်ဖြူး ရောင်းချသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းရှင်ဒေါက်တာမြတ်ဇံ၏ ဇီဝကမွေးမြူရေးလုပ်ငန်းအမျိုးမျိုးနှင့် အစာထုတ်လုပ်ဖြန့်ချိရေး စင်တာသို့ သွားရောက်၍ ကြက်ချေးအခြေခံ သဘာဝမြေသြဇာ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းယန်းမြို့နယ် ဝမ်ယို့မိုင်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေပြင်အကြိုကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ရန်လျာထားသည့် ဝမ်ယို့မိုင်ကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေမည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေပြင်အကြိုကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ဝမ်ယို့မိုင်ကျေးရွာတွင် အရှည် ၂ မိုင် ၄ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန်လျာထားသည့် အခြေအနေများကို မြေပြင်ကွင်းဆင်းစစ်ဆေးသည်။

မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဝမ်ယို့မိုင်ကျေးရွာရှိ အိမ်ခြေ ၄၀၊ လူဦးရေ၂၁၆ ဦးတို့အတွက် နှစ်စဉ်နွေရာသီကာလအတွင်း ရေရှားပါးသည့်ပြဿနာများ ပြေလည်စေရန်နှင့် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိစေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သော ကုမ္ပဏီများက အကောင်အထည် ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

# တော်ဝင်ပြည့်ဟိန်းရောင်းဝယ်ရေးနှင့်အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တွင် တော်ဝင်ပြည့်ဟိန်းရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် သဘာပတိဖြစ်သူ သမဝါယမအသင်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးမင်းနှင့် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စိတ်အတွက် လိုအပ်သောအစာ..စာ (သို့) လောကအလင်း ပြတင်းတံခါးများ

**ရာမည - သွေးမွန်**

**မြန်မာနိုင်ငံအတွင်းသို့ လွန်ခဲ့သောနှစ်ပေါင်း အေဒီ တစ်ရာစုတွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့်အတူ ရှေးဟောင်းစာပေကျမ်းဂန်အစ ပေစာပရပိုက်များလည်း သုံးစွဲနေကြပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ ရှေးဟောင်းစာပေ တီထွင်ကြံဆသုံးစွဲမှု အစောဆုံး၊ အကြွယ်ဝဆုံးသောနိုင်ငံတွင် ပါဝင်သည်။ ရှေးဟောင်းစာပေ အရေးအသားများကို အုတ်ခွက်စာ၊ ကျောက်စာ၊ မင်စာ၊ ပရပိုက်နှင့် ပေစာတို့တွင် ယနေ့တိုင်အောင် ပြတိုက်၊ ရှေးဟောင်းယဉ်ကျေးမှုတွင် မှတ်တမ်းမှတ်ရာများအဖြစ် တွေ့ရှိနိုင်သေးသည်။ ဤသည်မှာ မိမိတို့အဖို့ အဖိုးထိုက်လှသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။**

လူ့ယဉ်ကျေးမှု အသိဉာဏ်ပညာ အနိမ့်အမြင့်ကို သင်ယူတတ်မြောက်ထားသည့် စာပေကျမ်းဂန်များဖြင့် တိုင်းတာကြလေ့ရှိသည်။ 'မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်' ဟူသော ရှင်မဟာရဋ္ဌသာရ၏ စာချိုးနောက်ပိုင်းတွင် မပြတ်မလပ် ပြောဆိုခဲ့ကြသော အဆိုအညွှန်းများမှာ စာဖတ်လိုသူတို့အတွက် ရှေ့ဆက်ရန် အားဆေးသဖွယ်ဖြစ်သည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ ပထမဦးဆုံး သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ဘားမင်းသတင်းစာ အယ်ဒီတာနှင့် မြို့မကျောင်းဆရာကြီး ဦးတင့်ဆွေ (၁၉၀၆-၁၉၅၃) က ပြောဖူးသည်။ "လောက၌ လူမည်သည်မှာ ကိုယ်နှင့်စိတ်နှစ်ခုပေါင်းမှ လူဖြစ်လာခြင်းဖြစ်သည်။ ကိုယ်ကိုသာ အစာကျွေးပြီး စိတ်ကို အစာမကျွေးဘဲထားလျှင် အကျိုးနည်းလိမ့်မည်"ဟု ဆိုသည်။

လူမည်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟူ၍ ဖွဲ့စည်းထားသည်တွင် ရုပ်ခန္ဓာအတွက် စားရသောအရာကို 'အစာ'ဟု ဆိုသည်။ နာမ်ခန္ဓာအတွက် စားရသောအစာမှာ 'စာ' ဖြစ်၏။ နာမ်ခန္ဓာအတွက် အစာမကျွေးဘဲ ပစ်ထားပါက အကျိုးနည်းပေလိမ့်မည်။ ဆရာကြီး ပီမိုးနင်းကလည်း 'စာ'သည် လူ၏ အစာထက် အရေးကြီး၏။ ကိုယ်ခန္ဓာအတွက်စားသော အစာကို 'အစာ'ဟု ခေါ်၏။ စိတ်အတွက် အစာလိုလေရာ၊ ထိုအစာကို 'စာ'ဟု ခေါ်ရလေသည်ဟု ဆိုထားသည်။ မိမိတို့၏ ပင်ကိုဗီဇဉာဏ်ရည်ဖြင့် ကမ္ဘာကျော်အောင် ကြီးပွားတိုးတက်ခဲ့သော အက်ဒီဆင်၊ ကလဘင်၊ ရိုသီ စသူတို့သည် အထူးစာဖတ်အားကြီးမားကြသူများ ဖြစ်သည်။ လူတကာထက်ထူးခြားစွာ ၎င်းတို့၏ ကိုယ်ပိုင်ဗီဇပါဉာဏ်ရည်ဖြင့် ထူးချွန်ကြသည်ဆိုသော်လည်း ထိုဉာဏ်ရည်များကို စာထဲမှ စိတ်ကူးစိတ်သန်းသဲလွန်စရခဲ့ကြခြင်းဖြစ်သည်။ စာမဖတ်ဘဲနှင့် တီထွင်ဆန်းသစ်မှုအမြင်များ၊ အတွေးများ၊ သဲလွန်စများ ရမလာနိုင်ပါ။

### ကုန်ဆုံးခြင်းမရှိသော အသိပညာ

စာကို သိဖို့၊ တတ်ဖို့၊ နားလည်ဖို့၊ သဘောပေါက်ဖို့ အတွေးစိတ်ကူးစိတ်သန်းများ ဆင့်ပွားရင့်သန်စေဖို့ ဖတ်ကြရခြင်းဖြစ်သည်။ လူ့သဘာဝသည် မည်သို့သော အရေးအရာမျှ ကုန်စင်အောင် မသိနိုင်။ နှစ်ပေါင်းများစွာ၊ ဘဝအတွေ့အကြုံပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီးခါမှ အနှစ်ချုပ်စုစည်းမွေးဖွားလာသည့် စာပေ၊ စာတမ်း၊ စာအုပ်များ ဖြစ်ပေါ်လာသည်။ ဤသည်ကို မိမိတို့က တစ်ထိုင်တည်း၊ စာတစ်အုပ်တည်းမှ အသိဉာဏ်ပညာကူးယူပွားယူ ဖတ်ရှုကြရခြင်းဖြစ်သည်။ စာပေသည် တစ်ဦးချင်းစီ၏ အကျိုးစီးပွားနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ဆောင်သည်မဟုတ်ပါလား။

လူတစ်ဦးတည်း၏ ဘဝ၊ အသက်ကုန်ဆုံးသည့်တိုင် ရှာမှီးပြုစုထားသော အသိဉာဏ်ပညာ အလီမ္မာသည် ပြည့်စုံလုံလောက်သည်ဟူ၍ မရှိနိုင်။ အချိန်ကာလနှင့်ရင်းကာ တတ်သိစရာများက အသစ်အသစ်များ ထပ်ဆင့်တိုးပွားလာနေသောကြောင့်ဖြစ်သည်။ အချိန်သည် မြစ်ရေပမာ ထာဝရစီးဆင်းနေပေရာ ထိုအချိန်နှင့်အတူ သိစရာတတ်စရာ အသိပညာများက ဆင့်ကာဆင့်ကာ မရပ်မနားရှိလာမည်သာဖြစ်သည်။ ထို့ကြောင့် ဆရာကြီးပီမိုးနင်းက "စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေရာမှာရပ်နေ၏။ စာဖတ်သူမှာမရပ်။ သေမှသာ အတိုးအပွားရပ်ပေလိမ့်မည်"ဟု ဆိုသည်။

### စာဖတ်ခြင်း၏ ရလဒ်ကောင်းများ

"စာဖတ်ခြင်းသည် စဉ်းစားတွေးခေါ်ခြင်းနှင့် အချိုးကျဖြစ်စေပြီး စဉ်းစားတွေးခေါ်ရာတွင်လည်း စာဖတ်ခြင်းနှင့် အညီအမျှဖြစ်သင့်ပေသည်"ဟု အတွေးအခေါ်ပညာရှင် အမ်မွန်က ဆိုသည်။ စာကိုဖတ်ရာတွင် သာမန်မက အင်နှင့်အားနှင့် တစိုက်မတ်မတ်ဖတ်သဖြင့် ဘဝမြင့်မားကြီးပွားသူများ၏ စာရင်းကို ကောက်နုတ်ဖော်ပြရလျှင် လွန်စွာများပြားပေလိမ့်မည်။ အမေရိကန်သမ္မတကြီး အေဘရာဟယ်လင်ကွန်းသည် အတန်းပညာသင်ယူခဲ့ရသူမဟုတ်သော်လည်း တွေ့သမျှစာများဖတ်၊ ဥပဒေစာအုပ်များ လေ့လာမှတ်သားခဲ့သည့်ဥဿာဟလုံ့လကြောင့် သစ်ခုတ်သမား၊ ရှေ့နေ၊ ဆီးနိတ်အမတ်၊ သမ္မတကြီး စသည်ဖြင့် အဆင့်ဆင့်ဖြစ်လာသည်။ ယနေ့ နိုင်ငံရေးသမား၊ စာပေပညာရှင်များသည်ပင် သူ့မိန့်ခွန်းများကို တလေးတစား လေ့လာဖတ်ရှုနေကြရသည်။

တရုတ်ပြည်သူ့တော်လှန်ရေးကြီးကို ဦးဆောင်မှုပေးခဲ့သူ မော်စီတုံး၊ ဗီယက်နမ်နိုင်ငံကို ကျူးကျော်သူ ပြင်သစ်၊ အမေရိကန်တို့လက်အောက်မှ ရုန်းကြွ၊ တွန်းလှန်ခဲ့သော ဟိုချီမင်း၊ ကျူးဘားခေါင်းဆောင် ဖီဒယ်လ်ကက်စထရို စသူတို့သည်လည်း စာပေဖတ်ရှုလေ့လာရာမှ ဘဝ၏အမြင့်ဆုံးသို့ တက်လှမ်းခဲ့ကြသူများဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှလည်း စာရေးဆရာကြီး ရန်ကုန်ဘဆွေသည် လင်ကွန်းကဲ့သို့ပင် မည်သည့်တက္ကသိုလ်မှ တက်ဖူးသူမဟုတ်။ အစ်ကိုဖြစ်သူ၏ သင်ကြားပေးမှု၊ ရွာဘုန်းတော်ကြီးကျောင်းတွင် သင်ယူခဲ့မှုတို့ဖြင့် ပညာရှာကာ စာပေလောက၊ ရုပ်ရှင်ပြဇာတ်လောက၊ ပန်းချီပညာများတွင် နယ်စုံတတ်မြောက်ကျွမ်းကျင်ခဲ့သူဖြစ်သည်။ ပခုက္ကူဦးအုန်းဖေသည်လည်း စာဖတ်ကြရေးအတွက် စံနမူနာယူထိုက်သူဖြစ်သည်။ မြန်မာတွင်မက ကမ္ဘာကိုပါကျော်သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်သည်လည်း စာဖတ်အားကောင်းသူဖြစ်သည်။ ကမ္ဘာ့နိုင်ငံတို့၏ ခေါင်းဆောင်ကောင်းဖြစ်ခဲ့သည်။

ထိုထက်မက မြန်မာရာဇဝင်သမိုင်းကြောင်းအရ 'စာတိုင်ညို'ဟု လူသိများခဲ့သော ကျေးတောသား ယာသမားတစ်ဖြစ်လဲ ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာသည်လည်း စာဖတ်ခြင်း၏ စံနမူနာပြ ဖြစ်ခဲ့သည်။

"မည်သည့် ဖြေဖျော်မှုမျှ စာဖတ်ခြင်းလောက်၊ ဈေးပေါပြီး ပျော်ရွှင်နှစ်သိမ့်မှုတွင်လည်း တာရှည်ခံသောအရာမရှိချေ"ဟု မွန်တက်က ဆိုသည်။ အလွန်မှန်သောစကားဖြစ်သည်။ အလိမ္မာ စာမှာရှိသည်ဟူသည်မှာ မိမိတို့နားမှာ နားရည်ဝနေသဖြင့် ရိုးအီနေကြသည်။ ယင်းစကားပုံ၏ ရည်ရွယ်ချက်မှာ လောကတွင် လိမ္မာယဉ်ကျေးစွာ လူ့အသိုင်းအဝိုင်းအတွင်း၌ နေထိုင်ပြောဆို လုပ်ကိုင်တတ်စေရန်အတွက် စာပေကိုလေ့လာဖတ်ရှုရန်၊ စာပေလေ့လာဖတ်ရှုရာမှရရှိသော အသိတရားများကို ကောင်းစွာကျင့်သုံးတတ်ရန်ဖြစ်ပေသည်။ ဤစကားသည် ရှေးလူကြီးများက သူတို့ကိုယ်တိုင် ဘဝနှင့်ရင်း၍ ရရှိခဲ့သောသင်ခန်းစာများ၊ သာဓကများ၏ အဆီအနှစ်မှ ချန်ထားရစ်သည့် စကားများဖြစ်သည်။

> "ကျန်းမာမှုကား ရုပ်ခန္ဓာအတွက်ဖြစ်၍ အသိဉာဏ်ပညာသည် နာမ်ခန္ဓာ (ခ) စိတ်အတွက်ဖြစ်သည်"ဟု အတွေးအခေါ်ပညာရှင် ရှိုဖော်ကော်လ်က ဆိုသည်။ စာတစ်အုပ်ဖတ်လိုက်ခြင်းသည် အသိဉာဏ်ပညာအလင်းတိုင်များစွာတို့ကို တန်းစီထွန်းညှိလိုက်ခြင်းဖြစ်သည်။ ယင်းသို့ ဆိုရခြင်းမှာ စာအုပ်တစ်အုပ်ကို မဆိုထားနှင့် စာတစ်ပုဒ်၊ စာတစ်ပိုဒ်၊ စာကြောင်းတစ်ကြောင်းသည်ပင် မိမိ၏ အသိဉာဏ်ပညာကို တိုးပွားစေသည်။ ထိုမှ ဆင့်ကဲအလင်းတိုင်များအဖြစ် တိုးပွားလာနိုင်

စာဖတ်ခြင်းသည် အသိဉာဏ်ပညာကို တိုးပွားစေသည်။ "ကျန်းမာမှုကား ရုပ်ခန္ဓာအတွက်ဖြစ်၍ အသိဉာဏ်ပညာသည် နာမ်ခန္ဓာ (ခ) စိတ်အတွက်ဖြစ်သည်"ဟု အတွေးအခေါ်ပညာရှင် ရှိုဖော်ကော်လ်က ဆိုသည်။ စာတစ်အုပ်ဖတ်လိုက်ခြင်းသည် အသိဉာဏ်ပညာ အလင်းတိုင်များစွာတို့ကို တန်းစီထွန်းညှိလိုက်ခြင်းဖြစ်သည်။ ယင်းသို့ ဆိုရခြင်းမှာ စာအုပ်တစ်အုပ်ကို မဆိုထားနှင့် စာတစ်ပုဒ်၊ စာတစ်ပိုဒ်၊ စာကြောင်းတစ်ကြောင်းသည်ပင် မိမိ၏ အသိဉာဏ်ပညာကို တိုးပွားစေသည်။ ထိုမှ ဆင့်ကဲအလင်းတိုင်များအဖြစ် တိုးပွားလာနိုင်သည်။

လူငယ်တို့ အသိဉာဏ်ပညာတိုးပွားစေရေးအတွက် ပညာပေး "ရဲမြန်မာ" ဝတ္ထုများကို ရေးသားခဲ့သူ အမျိုးသားပညာဝန် ဦးဖိုးကျား (၁၈၉၀-၁၉၄၂) က စာဖတ်ရာတွင် နယ်ပယ်ချဲ့ထွင်ရန် လိုအပ်ပုံကို "ယခုခေတ်၌ မြန်မာနိုင်ငံတွင် သာမညဖတ်စာကိုသာ လိုအပ်သည်မဟုတ်၊ လူငယ်လူရွယ်တို့၏ စိတ်နေသဘောထား အကျင့်စာရိတ္တမှစ၍ ပြုပြင်အားပေးသော ဖတ်စာမျိုးကိုလည်း အထူးလိုအပ်ပေသည်။ ရဲရင့်မြင့်မြတ်စိတ်၊ တည်ကြည်သောစိတ်၊ တိုးတက်ကြီးပွားလိုသောစိတ်၊ မကောင်းမှုကိုပယ်၍ ကောင်းရာဘက်ကို ပြုပြင်လိုသောစိတ်စသော စိတ်ကောင်းစိတ်မြတ်များကိုဖြစ်စေလျက် သတ္တိ၊ သဘောသကာယ၊ အကျင့်စာရိတ္တတိုးတက်ကောင်းမွန်ရေးတို့ကို ပြုပြင်သောဖတ်စာမျိုးကို လိုလေသည်"ဟု သူခေတ်သူ့အခါ ကိုလိုနီကာလကပင် ဆိုခဲ့သည်။

### တစ်မျိုးသားလုံးအတွက် စာကြည့်တိုက်

စာအုပ်စာပေများသည် လူသားတို့အတွက် ပညာဗဟုသုတအမျိုးမျိုးကို သီးပွင့်ထားသည့် ပဒေသာပင် ဖြစ်သည်။ အဆိုပါ ပဒေသာပင်မှ မိမိတို့ကြိုက်နှစ်သက်ရာ၊ လိုရာတို့ကို ခူးဆွတ်ယူငင်ပြီး အဆင်သင့်သုံးစွဲနိုင်ကြသည်။ စာဖတ်ခြင်းအားဖြင့် ပညာဗဟုသုတ ကြွယ်ဝသည်နှင့်အမျှ လူတစ်ယောက်သည် အမှားအမှန်၊ အကောင်းအဆိုး ခွဲခြားတတ်လာမည်။ အမှားကိုရှောင်၍ အမှန်ကို ဆောင်တတ်လာမည်။ အကောင်းကိုယူ၍ အဆိုးကို ပယ်လိမ့်မည်။ မိမိလျှောက်သည့်လမ်းသည် အောက်သို့ဦးတည်နေသလား..။ အပေါ်သို့ တက်လှမ်းနေသလား။ မှန်ကန်စွာ ရွေးချယ်လာနိုင်မည်။ သုံးသပ်လာနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာမည်။ ယဉ်ကျေးသူများဖြစ်လာမည်။ အမှောင်ဘဝ၊ အဆိုးဘဝမှ ရုန်းထွက်လာနိုင်မည်။ မေတ္တာလွှမ်းသော လောကကြီးကို ဖန်ဆင်းသူဖြစ်လာပေမည်။

စာကြည့်တိုက်သည် စာအုပ်စာပေတို့တည်ရာ၊ ဘဏ်တိုက်ဖြစ်ပေရာ စာပေမြတ်နိုးသူတို့၏ အသည်းနှလုံးနှယ်လည်းဖြစ်၏။ ပြည်သူတို့၏ အမှောင်ဘဝကို အလင်းသို့ ပို့ဆောင်ပေးမည့်နေရာဖြစ်ပေသည်။ ကျောင်းနေစ လူငယ်လူရွယ်တို့၏ ဗလငါးတန်ကို ဖြည့်ဆည်းပေးမည့် အဆောက်အအုံဖြစ်၏။

ယခုအခါ နိုင်ငံတော်အစိုးရက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရုံမျှမက ကိုယ်တိုင်ကိုယ်ကျ စာကြည့်တိုက်အဆောက်အအုံ အလှူရှင်များကို ဖိတ်ခေါ်နေသည်။ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း Rural Library Foundation ဖွဲ့စည်းတည်ထောင်ခြင်းကို ၁၅-၅-၂၀၁၀ ရက်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ စာတတ်ပြီး စာမဖတ်သူများကို စာဖတ်လာအောင် တိုက်တွန်းရုံဖြင့်မရ၊ ထိုစာဖတ်သူများအတွက် စာကြည့်တိုက်လို၏။ တိုင်းပြည်နှင့် လူမျိုးတိုးတက်ရေးအတွက် မြန်မာ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် မဖြစ်မနေလိုအပ်ပါသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် စာကြည့်တိုက်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကို ထူထောင်ခဲ့ပြီးလည်းဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်က ကြီးမှူးကာ စာဖတ်ရှိန်မြှင့်တင်ရေးများကို လူကြီးလူငယ်မကျန် တက်ရောက်ပါဝင်ဆင်နွှဲကာ စာဖတ်ခြင်းအလေ့အကျင့်ကောင်းရရှိစေရန်၊ စာဖတ်ခြင်း ယဉ်ကျေးမှုထွန်းကားစေရန် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းကြရပေမည်။ စာဖတ်ခြင်းဖြင့် ပြည်သူ့သားကောင်း၊ နိုင်ငံ့သားကောင်း ပီပြင်လာစေသည့် "ပြည်သူ့နီတိ" အလေ့အကျင့် ယဉ်ပါးကျွမ်းဝင်လာစေပါသည်။

မြန်မာလူမျိုးတစ်မျိုးသားလုံး ကျေးလက်ပြည်သူများပါမကျန် ပညာဉာဏ်ပွင့်လင်းရေးအတွက် သုတရသ ပညာရပ်မျိုးစုံ ဖြန့်ဝေပေးနိုင်ရန် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပညာအခြေပြု လူမှုအဖွဲ့အစည်းများ ဖြစ်လာစေရန် စာကြည့်တိုက် 'လောကအလင်း ပြတင်းတံခါးများ' ဖွံ့ဖြိုးတိုးတက်ရေး အင်တိုက်အားတိုက် အားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရပါသည်။ ။

**ကိုးကား**

**- စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး။**

# ဆရာဝန်(သစ်လွင်) ၅၈၁ ဦးအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပသည်။

**အကြီးအကဲ၏လမ်းညွှန်ချက်များ**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းတက်ရောက်၍ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို မျက်ခြည်မပြတ်လေ့လာသုံးသပ်ပြီး လုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကာလတို/ကာလလတ်/ကာလရှည်ဦးတည်ချက်များ ချမှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ လူ့အသက်ထက် အရေးကြီးတာမရှိ၊ ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" စသည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကို ပြည့်ဝစွာခန့်ထားနိုင်ရေး နှစ်စဉ်လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး သမားဂုဏ်၊ ဆေးပညာကျင့်ဝတ်တို့နှင့်အညီ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အာရုံစူးစိုက်၍ Professional ပီပီသသဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာဝန်(သစ်လွင်)များ အနေဖြင့် တာဝန်ထမ်းဆောင်ရင်း ရရှိလာမည့် ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများရရှိကာ နိုင်ငံတော်နှင့် ပြည်သူက ယုံကြည်အားကိုးရသော ထူးချွန်ထက်မြက်သည့် အထူးပြု ဆရာဝန်ကြီးများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆရာဝန်(သစ်လွင်)များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်တစ်ခုချင်းအလိုက် ကိုယ်စားပြု ဆရာဝန်(သစ်လွင်)များကို ခန့်အပ်လွှာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဆရာဝန်(သစ်လွင်) များနှင့်အတူ လက်ဖက်ရည်ပွဲကို အတူတကွ သုံးဆောင်ကြသည်။




အဆိုပါအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသော ဆရာဝန်(သစ်လွင်) ၅၈၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆရာဝန်(သစ်လွင်)များကို ဆေးကုသမှု အတွေ့အကြုံများ ပိုမိုလေ့လာဆည်းပူးနိုင်စေရန်နှင့် ပြည်သူလူထု ဆေးကုသမှုလုပ်ငန်းများ ပိုမိုအထောက်အပံ့ဖြစ်စေရန် ဗဟိုအဆင့်ပြည်သူ့ဆေးရုံကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ပြည်သူ့ဆေးရုံကြီးများတွင် တာဝန်ချထားခဲ့ကြောင်းနှင့် ဆေးတက္ကသိုလ်၊ နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲများ အောင်မြင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် သက်ဆိုင်ရာသင်ကြားရေး ဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်နေသူ ၁၂၇၅ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၊ စစ်ရေးပြကွင်း၌ အရာထမ်းငယ် သင်တန်း အမှတ်စဉ်(၁၂၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။



**ပေးအပ်ချီးမြှင့်**

သင်တန်းဆင်းပွဲတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်-၂၁၉ ဦးဟိန်းဇေယျာ ဒုတိယဦးစီးမှူး မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်-၅၈ ဒေါ်ပန်းလရောင် ဒုတိယမြို့နယ် ဥပဒေအရာရှိ ကျောက်ဆည်မြို့နယ် ဥပဒေရုံး ဥပဒေရေးရာဝန်ကြီးဌာနတို့ကိုလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၆၂ ဦး၊ သင်တန်းသူ ၁၉၃ ဦး စုစုပေါင်း ၃၅၅ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံတက္ကသိုလ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၊ ကြက်ခြေနီအသင်းခွဲက ကြီးမှူးကျင်းပသော ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၉ ရက်က ဥပဒေဌာန၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာအေးမြတ်မွန်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးတို့က လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ရာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းနှင့် ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာအေးမြတ်မွန်တို့က လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် သင်ကြားပေးခဲ့သော နည်းပြဆရာ ဆရာမများနှင့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး ရှေးဦးပြုစုခြင်း အခြေခံသင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးမဉ္ဇူ**



# ကျိုင်းတုံမြို့နယ်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကျိုင်းတုံ ဇူလိုင် ၃၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းဝေးကို ဇူလိုင် ၃၀ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က



အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကျော်သူက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ကြိုတင်ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



# လွိုင်လင်ခရိုင် လမ်းကြီးကြပ်ရေးအဖွဲ့ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

လွိုင်လင် ဇူလိုင် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ် လွိုင်လင်ခရိုင် လမ်းကြီးကြပ်ရေးအဖွဲ့ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက လွိုင်လင် - တောင်ကြီး - ပြည်ထောင်စုလမ်း ပန်ဝိုးကျေးရွာ၊ ဝါးတောကျေးရွာ၊ နောင်တောင်းကျေးရွာနှင့် နောင်ဟူးကျေးရွာလမ်းတွင် စိုက်ပျိုးကြသည်။

လွိုင်လင်ခရိုင်လမ်းကြီးကြပ်ရေးအဖွဲ့ ၂၀၂၄ခု နှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်၊ အဖွဲ့ဝင် ဦးခွန်ထွန်းမောင်နှင့် ခရိုင်လမ်းကြီးကြပ်ရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းအောင်နှင့်တာဝန်ရှိသူများ ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ချယ်ရီ၊ စိန်ပန်း၊ အော်ရီးရှားစသည့် နှစ်ရှည်ပင်များ ၊ အရိပ်ရပင်များ စုစုပေါင်း သစ်ပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**လွိုင်လင်မိုး(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်ရှိ ဆင်အုံရေလှောင်ကန်၏ သဘာဝကုန်းတန်းရေကျော်နေမှုကို တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရေထိန်းနိုင်ခဲ့ပြီ



နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အုံရေလှောင်ကန်သို့ရောက်ရှိပြီး ကန်၏အရှေ့ဘက်ခြမ်း၌ ရေတားအဖြစ်တည်ရှိသည့် သဘာဝကုန်းတန်းရေကျော်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆင်အုံရေလှောင်ကန်သည် ယမန်နေ့ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ကန်၏အရှေ့ဘက်ခြမ်း၌ ရေတားအဖြစ်တည်ရှိသည့် သဘာဝကုန်းတန်းရေကျော်မှုဖြစ်ပွားခဲ့သည့်အတွက် ရေကျော်နေမှုကို စက်ယန္တရားနှစ်စီးဖြင့် နေပြည်တော် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တိုင်း/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နေပြည်တော် MSME အသင်းမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက် ၈ နာရီခွဲတွင် ရေကျော်မှုကို ထိန်းနိုင်ခဲ့ပြီးဖြစ်သည်။

ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကြည့်ရှုအားပေးပြီး ဆင်အုံရေလှောင်ကန်ရေပိုလွှဲမှ ရေများ ထုတ်လွှတ်ထားရှိမှုအခြေအနေကို စစ်ဆေးကာ လိုအပ်သည်များ မှာကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာအုပ်စု သုံးတန်ကူးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါဘုန်းတော်ကြီးကျောင်း၌ လယ်ဝေးမြို့နယ်အတွင်း ယမန်နေ့ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညိုပင်ကျေးရွာအုပ်စု သုံးတန်ကူးကျေးရွာ၌ ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျလျက်ရှိရာ ကမ်းပါးအနီးရှိ လူနေအိမ်နှစ်လုံး ပြောင်းရွှေ့နေထိုင်ခဲ့ရသည့် မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ပြောင်းရွှေ့ခဲ့ရသည့် လူနေအိမ်နှစ်လုံးအတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့သည့် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် ဆန်၊ ဆီ၊ အခြေခံစားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့သည့် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်နှစ်သိန်း၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပစ္စည်းပုံး နှစ်ပုံးကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၌ နေပြည်တော်ကုသရေးဦးစီးဌာနက ဦးဆောင်၍ (၃၁)ကြိမ်မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှုခံယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အာဟာရနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အား Clean City ၊ Green City၊ Smart City ဖြစ်စေရေး၊ ဝန်ထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များ သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ပလတ်စတစ်ကင်းစင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားကာ အစည်းအဝေးသို့တက်ရောက်လာကြသူများ၏နေပြည်တော်အား Clean City ၊ Green City၊ Smart City ဖြစ်စေရေးဆောင်ရွက်နေမှု၊ ဝန်ထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်ထားမှု၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ပလတ်စတစ်ကင်းစင်ရေး လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# National Conference on Science and Engineering– NCSE 2024 ဖွင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဇူလိုင် ၃၁

National Conference on Science and Engineering– NCSE 2024 ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

**ပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုနိုင်ရေးနှင့် နောက်ဆုံးပေါ် နည်းပညာ အရွေ့နှုန်းတို့နှင့်အတူ အမီလိုက်ပါနိုင်ရေးအတွက် အင်ဂျင်နီယာဘာသာရပ် နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်ပြီး ရှုထောင့်စုံ လေ့လာဆန်းစစ်မှုများ ပေါင်းစပ်၍ ကဏ္ဍစုံလွှမ်းခြုံသည့် သုတေသနရလဒ်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနရလဒ်များကိုပြည်သူများ၏ရေရှည်လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက် အကျိုးပြုနိုင်ရေး ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေကာ University Ranking မြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌတို့ထံ အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး AI in Engineering Vs Generate AI ခေါင်းစဉ်ဖြင့် Keynote ဟောပြောသည့် Myanmar Computer Professional Association အတွင်းရေးမှူးထံ ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Parallel Session များတွင် အင်ဂျင်နီယာဘွဲ့လွန်ကျမ်း ပြုစုသူများ၊ သုတေသနပညာရှင်များ၏ စာတမ်းဖတ်ကြားနေမှုများ၊ အတွေ့အကြုံများနှင့် နည်းပညာဖလှယ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Quick Impact Projects များဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင် သုတေသန ပရောဂျက်များ ဆောင်ရွက်နေမှုနှင့် ရလဒ်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရေဘေးသင့်ပြည်သူများအား ထမင်းနှင့် ဟင်းများ ကျွေးမွေးလှူဒါန်း

ကျောင်းကုန်း ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဒါးကမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးရှောင်ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းမှုဖြင့် ယနေ့မွန်းလွဲပိုင်းက ရေဘေးကယ်ဆယ်ရေးစခန်းများသို့ နေ့လယ်စာ ကျွေးမွေးလှူဒါန်းသည်။

**နေ့လယ်စာလှူဒါန်း**

ဦးစွာ ရတနာပုံရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုဝင်မိသားစုများအား ထမင်း၊ ကြက်သားဟင်းနှင့် ငါးငံပြာရည်ကြော်၊ (မြို့မ) ကျောင်းဟောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုဝင်မိသားစုများအား ထမင်းနှင့် ဘဲဥဟင်းတို့ဖြင့် နေ့လယ်စာလှူဒါန်းခဲ့ရာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



❋ MNL-2 မှ

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၃၅ မိနစ်တွင် ဆန်းမြင့်နိုင်က ရာမညယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူသော်လည်း တက္ကသိုလ်အသင်းအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် မြင့်နိုင်သူက သွင်းယူခဲ့သည်။

ပွဲစဉ်(၂)အပြီးတွင် ကချင်ယူနိုက်တက်အသင်း၊ Glory Goal အသင်းနှင့် တက္ကသိုလ်အသင်းတို့က လေးမှတ်စီ၊ ရွှေပြည်သာယူနိုက်တက်နှင့် Chinland အသင်းတို့က သုံးမှတ်စီ၊ ရာမညယူနိုက်တက်အသင်းက နှစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက တစ်မှတ်ရထားပြီး ဧရာဝတီရိန်းဂျားအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ကိုညီလေး**

# အီရန်နိုင်ငံသမ္မတသစ် မာဆော့ ပါဇက်ရှကီရမ် ကျမ်းသစ္စာကျိန်ဆို

**တီဟီရန် ဇူလိုင် ၃၁**

အီရန်နိုင်ငံသမ္မတသစ် မာဆော့ ပါဇက်ရှကီရမ်သည် တီဟီရန်မြို့တော်ရှိ ပါလီမန်၌ ဇူလိုင် ၃၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။



နိုင်ငံတကာနှင့် ဆက်ဆံမှုများ တိုးမြင့်လာစေရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်းနှင့် ဒေသတွင်းလူမှုရေးဆိုင်ရာ လွတ်လပ်ခွင့်များအပေါ် ကန့်သတ်ချုပ်ချယ်မှုများကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း အီရန်သမ္မတသစ် မာဆော့ ပါဇက်ရှကီရမ်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား အခွင့်အလမ်းသစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် အပြန်အလှန်လေးစားမှုနှင့် တန်းတူညီမျှမှုအပေါ် အခြေခံ၍ ဆက်ဆံရေးတည်ဆောက်ရန် အနောက်နိုင်ငံများကို ၎င်းက တောင်းဆိုထားကြောင်း သိရသည်။

အီရန်သမ္မတသစ် မာဆော့ ပါဇက်ရှကီရမ်သည် အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ ဖြစ်ပေါ်နေသည့် လက်ရှိအချိန်တွင် သမ္မတရာထူးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

အမေရိကန်ကဲ့သို့ အနောက်နိုင်ငံများက ဂါဇာပဋိပက္ခ စတင်ချိန်မှစ၍ အစ္စရေးသို့ စစ်ဘက်ဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးလျက်ရှိသည်။

ကလေးငယ်များကို သတ်ပစ်သည့် လက်နက်များကို ထောက်ပံ့ပေးသူများသည် လူသားဆန်မှုအကြောင်းကို သင်ကြားပေးနိုင်မည်မဟုတ်ဟု အီရန်သမ္မတသစ် မာဆော့ ပါဇက်ရှကီရမ်က ဆိုသည်။

အဆိုပါသမ္မတကျမ်းသစ္စာဆိုပွဲအခမ်းအနားသို့ လက်ဘနွန်ရှိ ဟားမတ်စ်၊ ဟစ်ဇ်ဘိုလာနှင့် ယီမင်ရှိ ဟူသီသူပုန်အဖွဲ့တို့မှ အကြီးတန်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အီရန်သမ္မတသစ် မာဆော့ ပါဇက်ရှကီရမ်က ၎င်း၏ ဦးစားပေးလုပ်ငန်းမှာ အီရန်၏ အိမ်နီးချင်းများနှင့် ဆက်ဆံရေးကို မြှင့်တင်ရန်နှင့် ခိုင်မာစေရန် ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံ၏ ခြိမ်းခြောက်မှုကြောင့် မိမိနိုင်ငံကိုကာကွယ်ရေးအတွက် ဆောင်ရွက်မည်ဟု လက်ဘနွန်ဝန်ကြီးချုပ်ပြောကြား

**ဘေရွတ် ဇူလိုင် ၃၁**

အစ္စရေးနိုင်ငံ၏ လက်ဘနွန်နိုင်ငံအပေါ် စစ်ဆင်ရေးများဆင်နွှဲရန် ခြိမ်းခြောက်မှုကြောင့် လက်ဘနွန်နိုင်ငံကလည်း မိမိနိုင်ငံကိုကာကွယ်ရေးအတွက် နိုင်ငံတကာဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ် မီကာတီက ယနေ့ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အရပ်သားများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများကို လက်ဘနွန်နိုင်ငံအနေဖြင့် ရှုတ်ချပြီး လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေး၏ ကျူးကျော်မှုအဆုံးသတ်ရေးအတွက် ကုလသမဂ္ဂပြဋ္ဌာန်းချက် အမှတ် ၁၇၀၁ နှင့်အညီ တောင်းဆိုကြောင်း မီကာတီက ထပ်လောင်းပြောကြားသည်။ လက်ဘနွန်အစိုးရသည် နိုင်ငံလုံခြုံရေးအတွက် နိုင်ငံသားများအား မထိခိုက်စေဘဲ လိုအပ်သလို စီမံဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယနေ့တွင် အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ရွာတစ်ရွာတွင် ဒေသခံငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်တပ်မတော်က ပြောကြားသည်။ လက်ဘနွန်စစ်သွေးကြွအဖွဲ့ ဟစ်ဇ်ဘိုလာက ယမန်နှစ် အောက်တိုဘာ ၈ ရက်တွင် အစ္စရေးနိုင်ငံအား ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးကလည်း လက်ဘနွန်နိုင်ငံအတွင်းသို့ ပြန်လည်ပစ်ခတ်ခဲ့ရာမှ တင်းမာမှုများမြင့်တက်ခဲ့သည်။ မကြာမီအချိန်ကလည်း ဂိုလန်ကုန်းမြင့်ဒေသရှိ မက်ဒယ်ရှန့်မြို့အတွင်းသို့ ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့က ဒုံးကျည်ဖြင့် တိုက်ခိုက်သည်ဟု အစ္စရေးက စွပ်စွဲခဲ့ပြီး ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့အား တုံ့ပြန်တိုက်ခိုက်မည်ဟု အစ္စရေးက ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**



# ဂျပန်နိုင်ငံတစ်ဝန်း၌ ယခုရက်သတ္တပတ်အတွင်း အပူလွန်ကဲမှုကြောင့် ထိခိုက်ခံစားရသူ ၁၂၆၆၆ ဦးရှိ

**တိုကျို ဇူလိုင် ၃၁**

ဂျပန်နိုင်ငံတစ်ဝန်း၌ ယခုရက်သတ္တပတ်အတွင်း အပူလွန်ကဲမှုကြောင့် ထိခိုက်ခံစားရသူ ၁၂၆၆၆ ဦးကို ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် နေ့အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

အပူလွန်ကဲမှုကြောင့် ထိခိုက်ခံစားရသူ အရေအတွက်သည် ယခင်ရက်သတ္တပတ်ကထက် ၃၅၀၀ ကျော် ပိုမိုများပြားလာကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ပြောသည်။

ယခုရက်သတ္တပတ်အတွင်း အပူလွန်ကဲမှုကြောင့် ထိခိုက်ခံစားရသူအရေအတွက်သည် ပထမဆုံးအကြိမ် ၁၀၀၀၀ ကျော်အထိ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းအေဂျင်စီက ဆက်လက်ပြောသည်။

လက်ရှိတွင် အပူလွန်ကဲမှုကြောင့် ၂၃ ဦးသေဆုံးပြီး ၄၄၄၂ ဦး ဆေးရုံတင်ထားရကာ ၈၀၆၈ ဦးသည် ပြင်းထန်သော လက္ခဏာများ ပြသလျက်ရှိသည်။

အဆိုပါလူနာများ၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် အသက် ၆၅ နှစ်နှင့်အထက် ဖြစ်သည်။

စီရင်စု ၄၇ ခုအနက် တိုကျိုမြို့တော်၌ လူနာဦးရေ ၁၂၉၄ ဦးဖြင့် အများဆုံးဖြစ်ပြီး အိုဆာကာတွင် ၉၅၂ ဦးနှင့် အိချီတွင် ၈၄၁ ဦးရှိကြောင်း သိရသည်။

ဩဂုတ်လတွင် အပူချိန်ပိုမိုမြင့်တက်လာမည်ဟု မျှော်လင့်ရပြီး လေအေးပေးစက်များကို သင့်လျော်စွာ အသုံးပြုရန်နှင့် ရေလုံလောက်စွာ သောက်သုံးခြင်းစသည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် ပြည်သူများအား တိုက်တွန်းထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွား

**ဗီယင်ကျန်း ဇူလိုင် ၃၁**

လာအိုနိုင်ငံရှိ ဒေသအများအပြားတွင် ရက်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီး ရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားကာ စိုက်ပျိုးမြေများနှင့် လူနေအိမ်ခြေများပျက်စီးခဲ့ကြောင်း ဆင်ဟွာ သတင်းအရ သိရသည်။

မြို့တော်ဗီယင်ကျန်း၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၅၀ အကွာအဝေးတွင် တည်ရှိသည့် ခန်မုန်ပြည်နယ် ယွန်မာလက်ခရိုင်ရှိ ကျေးရွာအများအပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုမှနေ၍ ဇီဗန်ဖိုင်မြစ်ရေ လျှံတက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း လာအိုအမျိုးသားရုပ်မြင်သံကြားဌာနက ပြောကြားသည်။ ယင်းမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနေသဖြင့် လာမည့်ရက်များအတွင်း ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

မြို့တော်ဗီယင်ကျန်း၏ မြောက်ဘက် ကီလိုမီတာ ၂၂၀ အကွာအဝေးရှိလန်ပရာဘန်ပြည်နယ်တွင်လည်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သောကြောင့် လမ်းများနှင့်လူနေအိမ်များ ပျက်စီးခဲ့သဖြင့် ဒေသခံများအား တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ရသည်။ ယခုဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများအတွင်း လမ်းများ၊ စိုက်ပျိုးသီးနှံများ၊ လျှပ်စစ်မီးဖြန့်ဖြူးရေးစနစ်နှင့် ရေသိုလှောင်သည့်စနစ်များ ပျက်စီးခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း မိုးရာသီတွင် ရေအားလျှပ်စစ်ထုတ်လုပ်သည့်လုပ်ငန်းများအား ဆည်များကြံ့ခိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများက သတိပေးခဲ့သည်။ မဲခေါင်မြစ်အနီးရှိ ဒေသခံများအား မြစ်ရေများ မြင့်တက်လာသဖြင့် သတိပြုနေထိုင်ကြရန်နှင့် မြေနိမ့်ဒေသတွင် နေထိုင်သူများအား ကုန်းမြင့်ဒေသသို့ပြောင်းရွှေ့နေထိုင်ကြရေးအတွက် ညွှန်ကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**



# တောင်အာဖရိကနိုင်ငံ၌ လူဦးရေ ၆၃ သန်းကျော်ရှိ

**ဂျိုဟန်နက်ဇဘက် ဇူလိုင် ၃၁**

တောင်အာဖရိကနိုင်ငံ၌ လူဦးရေ ၆၃ သန်းကျော်ရှိလာခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

လက်ရှိအချိန်အထိ လူဦးရေ ၆၃ ဒသမ ၂ သန်းအထိရှိလာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၃၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း တောင်အာဖရိကနိုင်ငံ စာရင်းအင်းဆိုင်ရာရုံးက ပြောကြားသည်။ နိုင်ငံအတွင်း အမျိုးသမီးဦးရေ ၃၂ သန်းခန့်ရှိသဖြင့် လူဦးရေ၏ထက်ဝက်ကျော်ခန့်သည် အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ဂူတန်ပြည်နယ်တွင် ဒေသခံ ၁၆ သန်းခန့်နေထိုင်ပြီး လူဦးရေအများဆုံးပြည်နယ်တစ်ခုဖြစ်သည်။ နိုင်ငံအတွင်း လူဦးရေအရေအတွက် တိုးတက်များပြားလာရခြင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြင့်မားမှုနှင့် လူမှုစီးပွားဘဝများ တိုးတက်မှုရှိခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကပ်ရောဂါအား ထိန်းချုပ်နိုင်ခဲ့ခြင်းနှင့် မွေးကင်းစကလေး သေပျောက်မှုနှုန်း လျော့နည်းခြင်းများကြောင့်လည်း လူဦးရေတိုးတက်မှုရှိလာသည်ဟု တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၃၁

မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့တွင် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ချမ်းသာဒွေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

အင်္ဂပူ ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နေ့လယ်ပိုင်းက ချမ်းသာဒွေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်ခဲ့သည်။

ဦးစွာချမ်းသာဒွေး ငွေစုငွေချေးသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်တို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ချမ်းသာဒွေး သမဝါယမအသင်းလီမိတက်၏ ဘဏ္ဍာရေးလက်ကျန်ရှင်းတမ်းအား ဒေါ်သင်းစန္ဒာက ဖတ်ကြားခဲ့သည်။ ဆက်လက်၍ အသင်းသားများအား အသင်းဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးအရာရှိတို့က စားသုံးဆီ(ပဲဆီ)များနှင့်စုဆောင်းငွေအတိုးများအား ပေးအပ်ရာ အသင်းသားများက လက်ခံရယူခဲ့သည်။

### ထောက်ပံ့ပေး

အဆိုပါ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်နှင့်ဝန်ထမ်းများ၊ ချမ်းသာဒွေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးကျော်သူနှင့် အသင်းသားများ တက်ရောက်ခဲ့ပြီး အသင်းသားများ၏စုဆောင်းငွေအပေါ်ရရှိမည့် အတိုးငွေများထုတ်ပေးခြင်းနှင့် အသင်းသား ၃၄၂ ဦးအတွက် တစ်ဦးလျှင် ပဲဆီ ၅၀ သားနှုန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားကိုးဦး သေဆုံးဟု မဟုတ်မမှန်ရေးသား ဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၃၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ ရပ်ကွက်များအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ၁၀ လုံးဖြင့် ပစ်ခတ်မှုကြောင့် သိမ်ဇရပ်ရွာလေးရပ်ကွက်(၇)လမ်းတွင် နေထိုင်သည့် ကိုယ်ဝန်လေးလလွယ်ထားရသည့် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားကိုးဦး သေဆုံးဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

၎င်းသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများနှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိကြောင်း၊ လက်နက်ကြီးဖြင့် ရပ်ကွက်များအတွင်း ပစ်ခတ်ခဲ့သည်ဆိုသည့် သတင်းမှာလည်း မှန်ကန်မှုမရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ လုံ့ဆော်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့် နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပင်လောင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပအိုဝ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဆိုသည့်သတင်းမှာ ကောလာဟလ သတင်းအမှားသာဖြစ်ကြောင်း၊ တပ်မတော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စနစ်တကျကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများအပါအဝင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား သွေးထိုးသပ်လျှိုနေသည့် သတင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## တာချီလိတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ(ပထမ)အကြိမ် ထုတ်ချေး

တာချီလိတ် ဇူလိုင် ၃၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ(ပထမ)အကြိမ် ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လှိုင်သင်းကျေးရွာ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေးပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ၂၂၂



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သားသမီးများအား တိုင်းစစ်ဌာနချုပ်များ၌ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၃၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သား ဝန်ထမ်းများ မိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခြင်းနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ခြင်းများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာများ၌ ပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ ဆရာ ဆရာမများ၊




ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် ဒုတိယတိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ပညာသင်စရိတ်များ ပေးအပ်ကြရာ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူတစ်ဦးစီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားပြုလုပ်ခဲ့ပြီး ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ ကျောဖုံးမှ

အရောင်းဆိုင်များသို့ ပေးပို့နေသည့် စက်သုံးဆီများအား လိုအပ်သည့် အရောင်းဆိုင်များသို့ ရွှေ့ပြောင်း ချယူစေခြင်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သိုလှောင်ဖြန့်ဖြူးလျက်ရှိ**

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှု မရှိစေရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိသိုလှောင်ကန်စခန်းများ၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်ကုန်အထိ စက်သုံးဆီ ဖူလုံစွာသုံးစွဲနိုင်ရေး ကြိုတင် သိုလှောင်ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ စဉ်ဆက်မပြတ် ဝင်ရောက်ရန် စီမံကြီးကြပ် ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မကြာမီစက်သုံးဆီ ပြတ်လပ်မည်ဆိုသည့် Online Media သတင်းများနှင့် ပြင်ပကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်၊ သုံးစွဲရန်လိုအပ်သည့် ပမာဏကိုသာ ဝယ်ယူသုံးစွဲကြရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်းမျိုး မပြုလုပ်ကြစေရေး စနစ်တကျ စိစစ်ကြပ်မတ်လျက် ရှိကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီ ပြတ်လပ်နိုင်မှုမရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၁၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ကလေးမြို့ အထက (၁) ၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ကလေး ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကလေးမြို့ အမှတ်(၁) ခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလေးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာထူးက ကလေးသူငယ်များ၏ အသက်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်များအတွက် အန္တရာယ်ရှိသောအလုပ်အမျိုးအစားများ၊ ကမ္ဘာတစ်ဝန်းတွင် ကလေးငယ်များ လုပ်ဆောင်နေကြရသည့် လုပ်ငန်းအမျိုးအစားများကို အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား မေးခွန်းများမေးမြန်းကာ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာလုပ်သား ၁၃၀၀ ကျော် ခေါ်ယူမည်

ရန်ကုန် ဇူလိုင် ၃၁

ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာလုပ်သား ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာလက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၁၇ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၁၅ ခုနှင့်ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်ထားခြင်းဖြစ်သည်။

**ခေါ်ယူမည်**

အဆိုပါအချက်အလက်များအရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော် မြန်မာလုပ်သားအမျိုးသား ၄၆၀ ကျော်၊ အမျိုးသမီး ၈၇၀ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။ မြန်မာသံရုံးအနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမား ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

MT

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

International Youth Day

“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး”

“From Clicks To Progress: Youth Digital Pathways
For Sustainable Development”

၁၂ - ၈ - ၂၀၂၄ ရက်နေ့ (တနင်္လာနေ့)

ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

# ပဲခူးမြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်

ပဲခူး ဇူလိုင် ၃၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက သဘာဝကပ်ဘေးမှရုံး၌ တိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရောဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေတို့သည် ပြန်လည်စတင်ကျဆင်းနေပြီဖြစ်၍ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် အများနှင့်သက်ဆိုင်သည့် နေရာများတွင် သန့်ရှင်းရေးပြုလုပ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်းသွားသည့် ဒေသများရှိ သီးနှံစိုက်ခင်းအမျိုးအစားအလိုက် ရေနစ်မြုပ်ဆဲဧက၊ ရေပြန်ပေါ်ဧက၊ ထိခိုက်ဧက၊ ပျက်စီးဧကစာရင်းများ စနစ်တကျပြုစုထားရန်နှင့် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်သည့် ဒေသများတွင် အခြေခံစားသုံးကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ဖွဲ့စည်းထားပြီးဖြစ်သည့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအဖွဲ့များက အနီးကပ်ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်လိုအပ်ပြီး ရေကြီးမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု



ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရေကြီးနစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုစသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး သဘာဝဘေးကွပ်ကဲမှုရုံးသို့ လာရောက်လှူဒါန်းသည့် စေတနာရှင်ပြည်သူများ၏ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့အရှေ့ဘက် မြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)မှ ပဲခူးမြစ်ရေစီးထွက်နေမှု၊ ပင်စည်ရပ်ကွက်အတွင်း ကားလမ်းရေကျော်နေမှု၊ ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီး (၃၉)မိုင် စစ်ဆေးရေးဂိတ် ရေဝင်ရောက်နေမှုနှင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ ဘုရားကြီးမြို့နှင့် ပဲခူးမြို့သွားကားလမ်း ရေကျော်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဖောင်တော်ဦးကျောင်းသစ်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ပဓာနနာယကဆရာတော်အား နဝကမ္မအလှူငွေနှင့် ရေဘေးသင့်ပြည်သူများအတွက် စားသုံးကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန၏ ဆန်ရိက္ခာဖိုး တစ်ပတ်စာထောက်ပံ့ပေးအပ်ကာ ကလေးများအတွက် အာဟာရမုန့်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်အတွင်း ပဲခူးမြစ်ရေဝင်ရောက်နေမှုကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့သို့ ယာယီတိုက်ပွဲရှောင် ရောက်ရှိလာသည့် ပြည်သူများအား သွားရောက် တွေ့ဆုံအားပေး

လွိုင်ကော် ဇူလိုင် ၃၁

ဇူလိုင် ၂၇ ရက်တွင် KNDF၊ KNPP၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၊ ဒေါဆန်းဘွန်းကျေးရွာ၊ ထူဒူင်သကျေးရွာတို့ရှိ ပြည်သူများအား ဆက်ကြေးကောက်ခံခြင်း၊ အစားအသောက်များ အတင်းအဓမ္မပို့ဆောင်ခိုင်းခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများသည် ဘေးလွတ်ရာ လွိုင်ကော်မြို့ပေါ်သို့ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် တိမ်းရှောင်လာခဲ့ကြသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၂၃၀၊ ပြည်သူ ၇၃၀ တို့အား သက်ဆိုင်ရာဌာနတာဝန်ရှိသူများက အိမ်ထောင်စုစာရင်းများ ကောက်ယူပြုစုခြင်း၊ အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ နယ်မြေခံတပ်ရင်းများမှ ထမင်းထုပ်များ ဝေငှခြင်းများ ဆောင်ရွက်ကြပြီး ယာယီတိုက်ပွဲရှောင်နေရာများသို့ စနစ်တကျပို့ဆောင်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ယာယီတိုက်ပွဲရှောင်နေရာချထားသည့် မင်္ဂလာဂန္ဓာရုံစာသင်တိုက်သို့ သွားရောက်၍ ပန်ကန်းကျေးရွာ၊ ရွာတန်းရှည်ကျေးရွာနှင့် ဒေါဆန်းဘွန်းကျေးရွာတို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ထောက်ပံ့ငွေများပေးအပ်ကာ ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ယာယီတိုက်ပွဲရှောင်နေရာချထားသည့် တောင်တန်းသာသနာပြုဗဟိုတပ်ဦးကျောင်းသို့ သွားရောက်ပြီး ပန်ကန်းကျေးရွာနှင့် ထူဒူင်သကျေးရွာတို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့်ထောက်ပံ့ငွေပေးအပ်ပြီး ပြည်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်နယ် ပြည်သူ့ကျန်းမာရေး



ဦးစီးဌာန ဝန်ထမ်းများက ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး တိုက်ပွဲရှောင်ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရေဝတီ၊ စစ်တောင်း၊ ရွှေကျင်၊ ပဲခူး၊ သံလွင်၊ သောင်ရင်း၊ ငဝန်နှင့် တိုးမြစ်တို့ရေကြီးမှုနှင့် စိုးရိမ်ရေမှတ်၌တည်ရှိနေမှုခြေအနေ

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ဝ၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့တစ်လက်မခန့် သုံးစင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ခြောက်နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဇရေဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ပေ (၁၁၆ဝ စင်တီမီတာ) အထက်သို့ တစ်လက်မခွဲခန့် (လေးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ခြောက်နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်အရစစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁ဝ ပေ (၁ဝ၇ဝ စင်တီမီတာ) အထက်သို့ခြောက်ပေခန့် (၁၈၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇ဝဝ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈ဝ စင်တီမီတာ) အထက်သို့လေးပေခန့် (၁၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅ဝ စင်တီမီတာ) အထက်သို့ လေးပေခွဲခန့် (၁၃၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်အရသောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့တစ်ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆ဝ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂ဝ ဒသမ ၃၄ ပေ (၆၂ဝ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၆၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅ဝ စင်တီမီတာ) အထက်သို့တစ်ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် မြင့်တက်လာနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂ဝ စင်တီမီတာ) အထက်သို့တစ်လက်မခန့် (သုံးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ကျုံဒိုးမြို့ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ရှိ ရေဘေးသင့်ပြည်သူများအား ယနေ့နံနက်ပိုင်းက စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများနှင့်သွားရောက်တွေ့ဆုံပြီး အားပေးစကားများ ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျုံဒိုးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဓမ္မသုခဘုန်းကြီးကျောင်းနှင့် ရပ်ကွက်ဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုရှိ အိမ်ထောင်စု ၂၁၁ စု၊ လူဦးရေ ၈၄၄ ဦးတို့အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၇၂၄၀၀ ကို ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျုံဒိုးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်း ကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး(East-West Economic Corridor) ပေါ်ရှိ ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးပေါ်တွင်တည်ရှိသော ဂျိုင်း(ကော့ကရိတ်) တံတားတည်ဆောက်ပြီးစီးမှုနှင့် တံတားလုံခြုံရေးဘန်ကာများနှင့် ပွန်တွန်းရေပေါ်တံတားတို့ကို ကြည့်ရှုစစ်ဆေး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ကုန်များထောက်ပံ့ပေးအပ်ပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်စဉ်ကြောင့် ဇူလိုင် ၂၅ ရက်မှစ၍ အနိမ့်ပိုင်းရပ်ကွက်များရှိရေဘေးသင့်ပြည်သူများအားပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်း ၅၇ ခုဖွင့်လှစ်၍ အိမ်ထောင်စု ၆၈ဝဝ ကိုပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး အခြေခံပညာကျောင်းပေါင်း ၃၈၄ ကျောင်းကို ခေတ္တပိတ်ထားပေးရကာ ၄၄ ကျောင်း ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် ၃၄ဝ မှာ ခေတ္တပိတ်ထားရဆဲဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကုန်းပတ်သင်္ဘောသား အခြေခံလက်တွေ့နှင့် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ကကြီးမှူး၍ ကုန်းပတ်သင်္ဘောသား အခြေခံလက်တွေ့ သင်တန်းနှင့် အပျော်စီးသင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံး အခြေခံအင်္ဂလိပ်စာ အခမဲ့သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး အခြေခံကုန်းပတ်သင်္ဘောသားသင်တန်းနှင့် အခြေခံလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာသင်တန်းဆရာများက အမှာစကား ပြောကြားကြသည်။

ယင်းနောက် အခြေခံကုန်းပတ်သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် အခြေခံလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သင်တန်းဆရာ ဆရာမများက သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

အဆိုပါကုန်းပတ်သင်္ဘောသားအခြေခံလက်တွေ့သင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းကို ဝါရင့်သင်ကြားရေးဆရာများဖြစ်သည့် ဆရာ ဦးသက်ထွန်း CDC 7507 နှင့် ဆရာ ဦးစအောင်ဌေး CDC 15200 တို့ကလည်းကောင်း၊ အပျော်စီးသင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာအခမဲ့သင်တန်းကို ဝါရင့်အတွေ့အကြုံရှိ ဆရာမ



ဒေါ်ချိုချိုပြုံးကလည်းကောင်း ပို့ချခဲ့သည်။

သင်တန်းသို့ အခြေခံကုန်းပတ်သင်တန်း ကျောင်းသား ကျောင်းသူ ၂၇ ဦးနှင့် အခြေခံလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ သင်တန်း ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည် ။

**မျိုးမင်းသူရ**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် ဇူလိုင် ၃၁**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီး များနှင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ များ တက်ရောက်ကြသည်။



**ရှင်းလင်းတင်ပြ**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြိုင်ပွဲ ကျင်းပရေးအတွက် အခမ်းအနားများနှင့် နေ့ရက် လျာထားမှု အခြေအနေများ၊ ပြိုင်ပွဲကျင်းပမည့် နေရာနှင့် ကျင်းပမည့်ပြိုင်ပွဲများ၊ ဇာတ်တော်ကြီး၊ ရုပ်သေးနှင့် ကွက်စိပ်တို့အား ဇာတ်တော်များ သတ်မှတ် ထားရှိမှုများ၊ အဆိုဘာသာရပ်နှင့် အတီးဘာသာရပ် တို့တွင် အဆင့်အလိုက် ယှဉ်ပြိုင်ရန်လျာထားသော တေးသီချင်းအမည်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသာပြတိုက်ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး က တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲအတွက် ကြိုတင် လေ့ကျင့်ဆောင်ရွက်နေမှုများနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများ၊ အတီးဘာသာ ရပ်ပြိုင်ပွဲတွင် လစ်လပ်လျက်ရှိသော ပြိုင်ပွဲဝင် အဆင့်နေရာ၌ ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အင်အားစာရင်း၊ ဇာတ်တော်ကြီးတွင်ပါဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် လူရွေးချယ်လျာထားမှုများ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအတွက် နည်းပြရွေးချယ်ထားမှုများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ဗဟိုပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု အခြေအနေများနှင့် လစ်လပ်ပြိုင်ပွဲဝင်များနေရာတွင် အပြည့်အဝပါဝင် ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် အောင်မြင်စွာကျင်းပနိုင်ရန် နှင့် ဗဟိုအဆင့်တွင် အောင်မြင်မှုများရရှိရန် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဩဂုတ်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၃၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက် တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်း နိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည် နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့ တို့တွင် သုံးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့ တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် မင်းဘူးမြို့၊ မကွေး မြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတ မြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် လေးပေမှ ရှစ်ပေခန့်နှင့် မော်လိုက် မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့ တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေး ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေ ခန့်နှင့် စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ငါး ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာ နိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့ တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေ သည် မဒေါက်မြို့တွင် ခြောက်ပေခန့်၊ ရွှေကျင်မြစ် ရေသည် ရွှေကျင်မြို့တွင် ငါးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် လေးပေမှ ခြောက် ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခြောက် ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါး ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် သုံးပေမှ လေး ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့် နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံကူးလက်မှတ် သက်တမ်းတိုးဆောင်ရွက်မှုအပေါ် အခကြေးငွေဖြင့် ဝန်ဆောင်မှုဆောင်ရွက်နေခြင်းကို တွေ့ရသောကြောင့် ဝက်ဘ်ဆိုက်မှ appointment ပေးသည့်စနစ်ကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ခေတ္တရပ်နားထား

**ရန်ကုန် ဇူလိုင် ၃၁**

နိုင်ငံကူးလက်မှတ်သက်တမ်းတိုး ဆောင် ရွက်မှုအပေါ် အခကြေးငွေဖြင့် ဝန်ဆောင်မှု ဆောင်ရွက်နေခြင်းကို တွေ့ရသောကြောင့် ဝက်ဘ်ဆိုက်မှ appointment ပေးသည့်စနစ် ကို ခေတ္တရပ်နားထားကြောင်း စင်ကာပူနိုင်ငံ ဆိုင်ရာ မြန်မာသံရုံး၏ အသိပေးထားချက်အရ သိရသည်။

စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား များ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရန် သံရုံးဝက်ဘ်ဆိုက်မှ appointment ယူရာတွင် အခက်အခဲများရှိကြောင်း၊ လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်း အသွင်ယူ၍ အခကြေးငွေဖြင့် appointment ရယူပေးခြင်းများရှိကြောင်း ကြားသိရသည့် အတွက် ဝက်ဘ်ဆိုက်မှ appointment ပေးသည့် စနစ်အား ပြန်လည်သုံးသပ်နိုင်ရန် ဇူလိုင် ၃၀ ရက်မှစ၍ ခေတ္တရပ်နားမည်ဖြစ် ကြောင်း၊ ယင်းကာလအတွင်း မြန်မာသံရုံး၏ Whatsapp နံပါတ်များတွင် နိုင်ငံကူးလက် မှတ်သက်တမ်းတိုးရန် appointment ရယူနိုင် ကြောင်း အသိပေးထားသည်။

နိုင်ငံကူးလက်မှတ် သက်တမ်းတိုး ဆောင်ရွက်လိုသည့် PR၊ EP၊ SP၊ Long Term Pass ID ကတ်ပြား ကိုင်ဆောင်သူများအနေဖြင့် Whatsappနံပါတ် +65 81748993 သို့လည်း ကောင်း၊ WPနှင့် Student Pass ID ကတ်ပြား ကိုင်ဆောင်သူများအနေဖြင့် Whatsapp နံပါတ် +65 82468581 သို့ လည်းကောင်း၊ Passport (First Page)၊ IC Card(Front and back page) များ ပေးပို့၍ ကိုယ်တိုင် appointment ယူစနစ်ဖြင့် ဆောင်ရွက်နိုင် ကြောင်းလည်း သံရုံးက အသိပေးထားသည်။

Appointment ရရှိသူများစာရင်းကို သံရုံး ဝက်ဘ်ဆိုက် https://www. Myanmar Embassy.sg/တွင် အပတ်စဉ်သောကြော နေ့တိုင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း နှင့် Whatsappမှ appointment ယူရာတွင် ဖုန်းနံပါတ်တစ်ခုလျှင် appointment တစ်ခု သာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး တစ်ဦးထက်ပိုသော အချက်အလက်များ ပေးပို့ခြင်းမပြုရန်နှင့် မိသားစုဖြစ်ပါက ခိုင်မာသည့်အထောက်အထား ပြသရမည် ဖြစ်ကြောင်း၊ ဖုန်းနံပါတ်တစ်ခုတည်းဖြင့် ဝန်ဆောင်မှု ရယူသည့်ပုံစံဖြင့် ဆက်သွယ် ဆောင်ရွက်ပါက မြန်မာသံရုံးဘက်မှ လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အထူးအသိပေးထားသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ အပေါ် အခွင့်ကောင်းယူလျက် နိုင်ငံကူး လက်မှတ်သက်တမ်းတိုး ဆောင်ရွက်မှုအပေါ် ဝန်ဆောင်မှုအခကြေးငွေဖြင့် ဆောင်ရွက် လျက်ရှိသည်ကို တွေ့ရှိရကြောင်းနှင့် မြန်မာသံရုံး အနေဖြင့် မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှု ကုမ္ပဏီ၊ လူပုဂ္ဂိုလ်ကိုမျှ ဝန်ဆောင်မှုဆောင် ရွက်ခွင့်ပြုထားခြင်းမပြုကြောင်း၊ သံရုံး ဝက်ဘ်ဆိုက် မှလွဲ၍ မြန်မာသံရုံးအမည်ဖြင့် Facebook၊ Instagram၊ TikTok အကောင့် များ ဖွင့်လှစ်ထားခြင်းမရှိကြောင်း၊ အခကြေး ငွေယူ၍ Online appointment ဆောင်ရွက် နေသူများ၊ မြန်မာသံရုံးဝန်ထမ်းအသွင်ယူ၍ ဝန်ဆောင်မှုအခကြေးငွေ ကောက်ခံနေမှုများ အား အထူးသတိပြုရန် စင်ကာပူမြို့ရှိ မြန်မာ သံရုံးက ယခင်ကတည်းက အသိပေးနှိုးဆော် ထားပြီးဖြစ်သည်။

**MT**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်း ဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ် သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂၀)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် –

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာ အရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၈)နေရာ | သိပ္ပံဘွဲ့(ဘူမိဗေဒ) |
| (ခ) | စက်မှုကျွမ်းကျင်(၅)(လွန်တူး) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ |
| (ဂ) | ရုံးအကူ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | (၂)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၄ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာနအကြီးအမှူး၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) ဦးစီးဌာနတွင် တစ်ဆက်တည်း အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

(င) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal) ခံရသူများ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်–

(က) အမည် –

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် –

(ဂ) မွေးသက္ကရာဇ်၊ အသက် –

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ –

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း –

(စ) လျှောက်ထားလိုသည့်ရာထူး –

(ဆ) မိဘအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏ အလုပ်အကိုင် –

(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာနနှင့်လုပ်သက် –

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် –

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် E-mail–

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် –

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ

(ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၁"x ၁.၅") နောက်ခံ အပြာရောင် ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားဖော်ပြရမည်)

(င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ် ရဲစခန်း၏ ထောက်ခံချက်မူရင်း။

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ။

(ဇ) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/– ပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်–၁၉) www.mining.gov.mm တွင် ရယူ၍ လည်းကောင်း၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်တွင် လည်းကောင်း အခမဲ့လာရောက်ထုတ်ယူ၍ လျှောက်လွှာပါအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော် လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော် လည်းကောင်း၊ (၂၃–၈–၂၀၂၄) ရက်နေ့အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသူများကို လက်ခံ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေး ဘဏ်မှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် MD–011070 သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်း အမှတ်အောက်ရှိ ကွက်လပ်တွင် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လျှောက်ထားမည့် ရာထူးအမည်ဖော်ပြပြီး စာမေးပွဲဝင်ကြေးပေးသွင်းခြင်းဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၈။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်–၁၉) www.mining.gov.mm နှင့်ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၉။ အပိုဒ်(၁)(က)ရှိ ရာထူးများသို့ လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများကို ဦးစားပေး ခန့်အပ်မည်ဖြစ်ပြီး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ဘူမိဗေဒဘာသာရပ်မေးခွန်းများကို (၃၁–၈–၂၀၂၄) ရက်နေ့တွင် ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အပိုဒ်(၁)(ခ)(ဂ) ရှိ ရာထူးများသို့ လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်မေးခွန်းများကို (၃၁–၈–၂၀၂၄) ရက်နေ့တွင် ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၈–၈–၂၀၂၄)ရက်နေ့၊ (၂၉–၈–၂၀၂၄) ရက်နေ့နှင့် (၃၀–၈–၂၀၂၄) ရက်နေ့များ၌ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်ရေးဌာနစုတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ပြီး တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)များနှင့်မိမိလျှောက်ထားသည့် ရာထူးနှင့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး မပါရှိပါက ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည် မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇၃–၄၀၉၆၈၂၊ ၀၆၇၃–၄၀၉၆၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

## ‘ကန့်ကွက်နိုင်ပါသည်’

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်( ၁၉၂ )ပေါ်တွင် တည်ဆောက်ထားသည့် THE LAKE SUITES RESIDENTIAL, Building No( 1 ), Level( 11 ), အခန်းအမှတ် (03)၊အကျယ်အဝန်း( ၉၃၃–စတုရန်းပေ )ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်တင်တင်လှ(ခ)ဒေါ်စိန်အေး ( ၁/မကန(နိုင်)၀၀၉၄၅၈ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|
| ဒေါ်အင်ကြင်းမိုမို | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.B.L) | (LL.B,D.B.L,D.M.L,D.I.L)(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) |
| (စဉ် ၄၆၅၄၉) | WIPO,DL.101Switzerland | DL-101(WIPO)Geneva |

☏ – 09799991090, 09799991095, 09775560071, 09775560072
တိုက်အမှတ်( ၃၈ )၊အခန်းအမှတ်( ၃၀၁ )၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

## ပျောက်ဆုံးကြောင်း

အမှတ်(၂၈)၊ ကန်လမ်း၊ လမင်းကွန်ဒို(၅–အေ)၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး SHIN THAN THU PUBLIC CO, ,LTD မှပိုင်ဆိုင်သော “ “Fantasea Sensation”/၁၀၀၀၁ ခရီးသည် တင်ရေယာဉ်သည် ဘုရင့်နောင်ရေလယ်တွင် ကျောက်ချထားစဉ်ကာလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် “ခ”လိုင်စင်မူရင်းများ တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်–

**ဖုန်း–၀၉– ၂၅၄၀၃၃၂၀၆**

## ဦးမောင်စိန် [၁၂/တမန(နိုင်)၁၃၁၉၄၈]၊ အမှတ် (၅)၊ ၅–လွှာ(ဝဲ) ၊ ရွှေဥဒေါင်းလမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ် နေထိုင်သူနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လေး [၁၂/မဂတ (နိုင်) ၀၀၈၁၃၄] ကိုင်ဆောင်သူအမှတ် (၁၆၀)၊ ပထမထပ်၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လေးနှင့် ၎င်း၏ညီဖြစ်သူ ဦးညီညီစိုးတို့က လူကြီးမင်းအား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၉–၆–၂၀၂၃) နေ့စွဲဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို မှတ်ပုံတင်စာချုပ်အမှတ်–၁၀၆၇၂/ ၂၀၂၃ ဖြင့် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လေး တစ်ဦးတည်းအနေဖြင့် လူကြီးမင်းအား လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤသတင်းစာကြော်ငြာသည့်နေ့ မှစ၍ ဦးမောင်စိန်အား ပေးအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်တင် LL.B., D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၃၃၆/၈၅)**
**အမှတ်–၁၅၃/ဘီ၊ (ပ–ထပ်)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–5070870, 09–955070870**

## အမည်မှန်

သန်လျင်မြို့နယ်၊ အ.ထ.က (၄) Grade–8 မှ အာဒလူဆာမိ (ခ) တင်ဝင်း [၁၂/သလန(ပြု) ၀၀၀၉၀၅]၏ သား မောင်ဝေယံမိုး၏ အမည်မှန်မှာ မောင်အယ်ဒီစန်း ဖြစ်ပါကြောင်း။

**မောင်အယ်ဒီစန်း**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၁၂၀၁/က၊ ဧရိယာ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် –၁၂၀၁/က၊ ပိတောက်ရွှေဝါလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိုးမောင် (CF–၀၀၃၁၀၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးမောင် (CF–၀၀၃၁၀၀) (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင်စမ်း [၁၂/သကတ(နိုင်)၀၆၀၆၁၁] မှ ကွယ်လွန်သူခင်ပွန်း ဦးစိုးမောင်တွင်တရားဝင် ဇနီးအဖြစ် မိမိတစ်ဦးတည်းသာရှိကြောင်း၊ မိမိမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မှုမရှိကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ချိန်မှစ၍ ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းဥပဒေအရ မိမိမှအမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မှုမရှိပါကြောင်း ဒေါ်တင်စမ်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစိုးမောင်၏သေဆုံးမှု လက်မှတ်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင် လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၆/ကံဘဲ့၊ မြေကွက်အမှတ် ၈/၀–၁/D၊ ဧရိယာ(၀.၁၁၃)ဧက၊ မြေကွက်တည်နေရာအမှတ်–၁၆/က/ သုခဝတီလမ်း၊ ၆/ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ဒေါ်ညွှန့်ညွှန့်) [၁၂/ရကန(နိုင်) ၀၂၅၅၈၁] အမည်ပေါက် မြေပိုင်မြေ [၂၈၂ ဈက 28/62(25–1–62) အရ အိမ်ရာမြေအဖြစ် လွှဲပြောင်းမှတ်သားသည်] မြေအား အမည်ပေါက် ဒေါ်ညွှန့်ညွှန့်(မိခင်)နှင့် (ဖခင်) ဦးအေးဖေတို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်တင်ဦးကြည်(ခ) ဒေါ်ပြုံးပြုံးအေး [၁၂/ရကန(နိုင်) ၀၂၅၁၃၉]၊ ဒေါ်ဆွေဆွေအေး[၁၂/ရကန(နိုင်)၀၂၄၉၇၄]၊ ဒေါ်နွယ်နွယ်အေး [၇/ဒဥန(နိုင်)၀၁၁၇၆၈]၊ ဒေါ်မွန်မွန်အေး [၉/မနမ(နိုင်)၀၃၃၅၂၉]၊ ဦးလင်းအေးဖေ [၇/ကဝန(နိုင်)၀၈၅၃၂၃]၊ ဦးဝင်းအေးဖေ[၇/ကဝန(နိုင်)၀၅၉၆၅၀]တို့မှ မိမိတို့မောင်နှမ (၆)ဦးသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားကိတ္တိမမွေးစားထားသူ တစ်ဦးတစ်ယောက်မှုမရှိပါကြောင်း၊ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှုမရှိကြောင်းနှင့် မိမိတို့ (၆)ဦးကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း ၂၄–၁–၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမည်ပေါက်စာချုပ်မိတ္တူမှန်၊ တိုင်းခွဲအတည်ပြုပြီး ပုံစံတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂၊ မြေကွက်အမှတ် ၇၀၁၊ မြေကွက် တည်နေရာအမှတ် –၇၀၁၊ ဘုရင့်နောင်လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးခင်သန်း (PPN–၀၀၄၇၃၇) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက် ဦးခင်သန်း [၁၂/အစန(နိုင်) ၀၁၄၂၂]၊ (PPN–၀၀၄၇၃၇)ထံမှအထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၂၂၅၂/၂၀၂၂ (၂၉–၁၁–၂၀၂၂)ဖြင့် ဒေါ်တင်ဇာဖြူ[၁/မကန(နိုင်)၀၉၄၁၅၂]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ(၂၂–၇–၂၀၂၂)ရက်နေ့တွင် ဦးခင်သန်း၏ SP ရသူ ဦးအောင်မျိုးဇော်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ဦးခင်သန်းမှ ဦးအောင်မျိုးဇော်သို့ ပေးအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်းနှင့် ဦးအောင်မျိုးဇော်ထုတ်ယူခဲ့သော မြေပုံမြေရာဇဝင်မူရင်းမှာ ၎င်း၏လက်ဝယ်၌ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း (၁၄–၅–၂၀၂၄)ရက်စွဲပါ ဝန်ခံကတိပြုစာနှင့်ကျမ်းကျိန်လွှာပူးတွဲ၍ တင်ပြလာပါသဖြင့် ဦးခင်သန်းကိုယ်စားSP ဒေါ်တင်ဇာဖြူမှအရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ)၊ မြေကွက်အမှတ် ၅၁/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် ၅၁/ခ၊ မြရတနာ(၉)လမ်း၊ (ခ) ရပ်ကွက်၊ ဒေါ်အေးထွေး [၁၂/ဥကမ(နိုင်)၀၄၂၈၈၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် – ဒေါ်အေးထွေး (မိခင်)သည်(၁၂–၁၀–၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ ဦးညွှန့်တင် (ဖခင်) သည် (၂၃–၈–၂၀၀၇) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်မြင့်မြင့်ဦး [၁၂/ဥကမ(နိုင်) ၀၄၃၄၈၄]၊ ဒေါ်မြင့်မြင့်အေး [၁၂/ဥကမ(နိုင်)၀၄၂၄၂၂]၊ ဒေါ်မြင့်မြင့်သန်း [၁၂/ဥကမ(နိုင်)၁၆၄၇၂၈]၊ ဒေါ်တင်တင်အေး [၁၂/ဥကမ(နိုင်)၁၆၀၇၆၄]၊ ဦးဇင်မင်းထွန်း [၁၂/ဥကမ(နိုင်)၁၆၃၁၆၂]၊ ဒေါ်သီတာအေး[၁၂/ဥကမ(နိုင်)၁၆၄၇၈၁]၊ ဒေါ်မြင့်မြင့်စန်း သား/သမီး (၇)ဦးမွေးဖွားခဲ့ရာ ဒေါ်မြင့်မြင့်စန်း(သမီး)သည်(၁၃–၉–၂၀၂၂) ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကိတ္တိမသား၊ သမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ဒေါ်မြင့်မြင့်ဦး၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်တင်တင်အေး၊ ဦးဇင်မင်းထွန်း၊ ဒေါ်သီတာအေးတို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား၊သမီး(၆)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှုမရှိသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၁၃၂/ ၂၀၂၄/၉–၄–၂၀၂၄ ထောက်ခံကျမ်းကျိန် (၂)စောင်၊သေစာရင်း၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာလမ်း၊ တိုက်အမှတ် (၂၂၉)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဇင်မာဝေ [၇/ကဝန(နိုင်) ၁၃၇၅၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း – ၀၉– ၄၃၁၆၃၄၀၅၊**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ဥတုရာသီ တောကိုမှီ၍

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အခြေခံပညာဦးစီးဌာနရှိ တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၂၄ ရက်နေ့မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၂၄ ရက်နေ့ (၁၆:၃၀) နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကိုသိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
